**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၁)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။


စာမျက်နှာ ၁၆ ကော်လံ ၁ ✭





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်)

# စုံလင်စွာတွေ့မြင်ရမည့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကြီး

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ အဆိုပါပြပွဲပြိုင်ပွဲသို့ ပြည်သူများတစ်ခဲနက်သွားရောက်အားပေးကြည့်ရှုကာ မိမိတို့အတွက်လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူလျက်ရှိကြသည်။ တစ်နှစ်မှတစ်ကြိမ်သာကြုံတွေ့ရသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြပွဲပြိုင်ပွဲကြီးဖြစ်ပြီး တစုတစည်းတည်းတွေ့မြင်ရသည်မို့ လှုပ်ရှားသွားလာနေသည့်ပြည်သူများ များပြားနေခြင်းဖြစ်သည်။

အဆိုပါ MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားသောဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်" ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့်ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို စတင်ဦးဆောင်သည့်အချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိရာ စီးပွားရေးတွင် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုဆောင်ရွက်မှုမှ ယခုကဲ့သို့ MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲမျိုးပေါ်လာခြင်းဖြစ်သည်။

MSME လုပ်ငန်းတွင် ကဏ္ဍလေးခုဖြစ်သည့် ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များဟူ၍ရှိသည်။ ထုတ်လုပ်မှုမရှိဘဲ ရောင်းဝယ်မှုမရှိနိုင်သကဲ့သို့ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်းရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများကို တစိုက်မတ်မတ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နေရာဒေသအနှံ့သွားရောက်ကာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ်အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြပြီး ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်း (MSME) များကို လုပ်ကိုင်ခြင်းဖြင့် ဒေသတွင်းစီးပွားတိုးတက်မှုကိုအထောက်အကူပြုစေမည်ဖြစ်သည်။

ယခုအခါ နိုင်ငံ၏ MSME စီးပွားရေးလုပ်ငန်းများ၏အောင်မြင်မှုကို ပြည်သူတို့တွေ့မြင်ကြည့်ရှုနိုင်ရန်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်လှစ်ရောင်းချခြင်းဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့်လည်း တစုတည်းတပေါင်းတည်းတွေ့ဆုံကြပြီး လုပ်ငန်းအားနည်းချက်၊ အားသာချက်များကို တစ်ဦးနှင့်တစ်ဦးပြန်လည်မျှဝေနိုင်သည့်အတွက် စက်မှုထုတ်ကုန်အရည်အသွေးများတိုးတက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပြည်ပပို့ကုန်များအဖြစ် ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲဖြစ်သည့်အတွက် ဆုရရှိသူများအနေဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှသကဲ့သို့ မရရှိသေးသူများအနေဖြင့် ဆုရရှိအောင်ကြိုးစားလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်သည်။

မည်သည့်လုပ်ငန်းမဆို အပြိုင်အဆိုင်လုပ်ကိုင်ဆောင်ရွက်ကြမှသာ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ကြရာတွင် MSME လုပ်ငန်းများအောင်မြင်မှုသည်အဓိကဖြစ်သည်။ ထိုသို့ဆောင်ရွက်မှသာ ပြည်သူလူထု၏အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝမြင့်မားလာပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အပြည့်အဝအောင်မြင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဂျင်းလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု ကွင်းဆင်းစစ်ဆေး

တောင်သာ ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ပဒပ်စာကုန်းကျေးရွာအုပ်စု ထန်းပင်ခြံရွာမကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းပင်ခြံရွာမကျေးရွာ၌ ကျေးရွာတွင်း ဂျင်းလမ်းခင်းခြင်း အရှည်ပေ ၂၈၂၀၊ အကျယ် ၁၂ပေ၊ အမြင့် ၁ ဒသမ ၅ ပေ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ထန်းပင်ခြံရွာမကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်းဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လတတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# စန္ဒဝတ်ကျေးရွာ၌ မြေပဲသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မြိတ် ဖေဖော်ဝါရီ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု စန္ဒဝတ်ကျေးရွာ၌ မြေပဲစမ်းသပ်စိုက်ပျိုးခဲ့ရာ သီးနှံအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မြိတ်မြို့နယ်အတွင်း၌ ဒေသမြေခံရေခံနှင့်ကိုက်ညီပြီး သီးနှံအောင်မြင်မှုရှိသော မြေပဲများကို တောင်သူများ လက်တွေ့ကျကျလေ့လာစိုက်ပျိုးလာနိုင်စေရန်နှင့် မိသားစုအပိုဝင်ငွေများစွာရရှိလာစေရန်အတွက် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စမ်းသပ်စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံအဖြစ် မြေပဲသီးနှံများကို တောင်သူအသိပညာပေးသရုပ်ပြစိုက်ပျိုးမှုအဖြစ် စန္ဒဝတ်ကျေးရွာရှိ တောင်သူဦးချမ်းအေး၏ လယ်ယာမြေ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ သီးနှံပင်များအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

(၄၁၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၁၁။ | ၁၇:၀၀ | ကျွင့်ကြံပွားများ လိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ | ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၁၄။ | ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ | ၁၅။ | ၁၈:၅၀ | စိုက်ပျိုးသုတ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၆။ | ၁၉:၀၀ | တောင်ပိုင်းပိုးလမ်းမသစ်ကြီး **တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း (၁/၂)** |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး | ၁၇။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | | | |
| ၉။ | ၁၅:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |
| ၁၀။ | ၁၆:၀၀ | စာပေနှင့်အနုပညာသတင်း | | | |


မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



ဧရာဝတီ‌ဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီဒေသတိုင်းစစ်ဌာနချုပ်နှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မန္တလေးပဲဈေးကွက်အတွင်း ကုလားပဲအသစ်များ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးပဲဈေးကွက်အတွင်း ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ မြင်းမူနှင့် မုံရွာစသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသော ကုလားပဲအသစ်များ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ပြည်တွင်း၌ ကုလားပဲစိုက်ပျိုးရာတွင် မြန်မာမျိုးရင်းများအပြင် ပြည်ပမျိုးများဖြစ်သော V2၊ V7၊ 929 နှင့် မြကြေးမုံ စသည့်ကုလားပဲမျိုးများကို စိုက်ပျိုးကြပြီး လက်ရှိတွင် မန္တလေးပဲဈေးကွက်၌ ပဲအမျိုးအစားနှင့်အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

"ဒီနှစ်ကုလားပဲစိုက်ပျိုးချိန်မှာ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းပြီး တောင်သူတွေကလည်း ကြိုးစားစိုက်ပျိုးခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ်ကထက် ကုလားပဲအထွက်နှုန်း ပိုပြီးကောင်းလာနိုင်ပါတယ်။ ဈေးနှုန်းအနေနဲ့ကလည်း ပြီးခဲ့တဲ့နှစ်ကထက် ဈေးကွက်အလားအလာကောင်းတဲ့နှစ်ဖြစ်ပါတယ်"ဟု မန္တလေးမြို့ရှိစိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ကုလားပဲသည် စားသုံးသူများ၏ ကျန်းမာရေးကို များစွာအထောက်အကူပြုသော ပဲအမျိုးအစားဖြစ်သောကြောင့် ပြည်တွင်း၌ စားသုံးမှုများပြားသည့်အပြင် ပြည်ပနိုင်ငံတို့သို့လည်း တင်ပို့နေရသည့်အတွက် နိုင်ငံခြားဝင်ငွေရရှိသော ပဲတစ်မျိုးဖြစ်သည်။ ထိုသို့ပြည်တွင်း၊ပြည်ပဈေးကွက်ရှိသောကုလားပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြသည်။

မန္တလေးပဲဈေးကွက်သို့ ဝင်ရောက်လာသည့် ကုလားပဲအသစ်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာပြီး ဒေသဈေးကွက်အတွင်း ပဲမျိုးစုံဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ကာ ဒေသခံများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

ကုလားပဲသည် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးထွက်ရှိသော သီးနှံဖြစ်ပြီး ပြည်တွင်းမှစိုက်ပျိုးထွက်ရှိသည့် ကုလားပဲများအနက် V2 နှင့် 929 ကုလားပဲတို့ကို ပြည်တွင်း၌ စားသုံးမှုများပြီး ပြည်ပသို့ တင်ပို့ရာတွင် V7 ကုလားပဲကို အများဆုံး တင်ပို့ကြောင်း သိရသည်။

**ဆောင်းဦး**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ပတ္တမြားစေတီဘုရားပွဲတွင် စံဒေဝီတို့အုပ်စုက ဇရပ်သို့ အရင်ရောက်နှင့်၍ ထမင်းစားနေခိုက်တွင် ကျွန်ုပ်တို့လူစု ရောက်လာကြ၍ ကျွန်ုပ်၏အသံကို ကြားရသည်နှင့်တစ်ပြိုင်နက် ထမင်းပွဲတွင် အမေကြီးနှင့်အပျိုကြီးတို့အကြားမှ ကတ်ကတ်သတ်သတ် ချောင်းကြည့်၍ ကျွန်ုပ်နှင့် မျက်လုံးချင်းတိုက်ဆိုင်မိခြင်း၊ ပဆစ်ဝိုင်း၌ စံဒေဝီကကြွေပစ်၍ "အစိပ်"ကျခြင်းကို ကျွန်ုပ်ကမမြင်လိုက်ရသဖြင့် ပန်းကန်ထဲသို့ လက်နှိုက်လိုက်မိရာ ဆက်လက်၍ပစ်မည်ဟု ကြွေကိုနှိုက်နေသော စံဒေဝီ၏လက်ကို ဆုပ်ကိုင်မိသဖြင့် လူကြီးတွေက ရယ်ကြသော်လည်း စံဒေဝီ ရှက်ဟန်မရှိဘဲ ချစ်စရာကောင်းသော မျက်နှာမျိုးနှင့် ကျွန်ုပ်အား ပြုံးလျက်ကြည့်ခြင်း၊ ကျွန်ုပ်တို့၏အိမ်ရှေ့မှ စံဒေဝီလမ်းလျှောက်သွားစဉ် အိမ်ပေါ်မှဆင်းလာသောကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ကြည့်လိုက်ကြရာ အုတ်ကျိုးအုတ်ပဲ့များခင်းထားသဖြင့် စလုံးစခုဖြစ်နေသောလမ်းဖြစ်၍ စံဒေဝီခလုတ်တိုက်မိခြင်း၊ စံဒေဝီတို့အိမ်ရှေ့သို့ ကျွန်ုပ်လမ်းလျှောက်သွားစဉ် စံဒေဝီသည် ထိန်းကျောင်းလျက်ရှိသော တူကလေးကို မြေကြီးပေါ်တွင်ချထားရင်း ငုံ့လျက်ရှိရာမှ ကျွန်ုပ်ကိုမြင်သည်နှင့် မျက်လုံးချင်းဆုံမိကြရာတွင် သူ၏ဆွဲကြိုးသည် တူကလေး၏ဆွဲကြိုးမှ လော့ကတ်သီးနှင့်ငြိသွားသဖြင့် အတော်ဖြုတ်ယူရဖူးခြင်း စသောအခြင်းအရာများသည် မျက်စိထဲ တဝဲဝဲပြန်၍ပေါ်လာပါတော့သည်။ ဤအဖြစ်အပျက်များသည် တစ်ခုစီအနေဖြင့် အဓိပ္ပာယ် ထင်ရှားကောင်းမှထင်ရှားမည်ဖြစ်သော်လည်း အားလုံးစုပေါင်းလိုက်သောအခါ၌မူကား ကျွန်ုပ်အားချစ်ကြိုက်သည်ဟု ထင်ခဲ့ခြင်းသည် အထင်ကြီးခြင်းမဟုတ်ဟု ယူဆနိုင်ကြပေလိမ့်မည်ထင်၏။ သို့နှင့်လည်း ကျွန်ုပ်သည် ဤအဖြစ်အပျက်ကလေးများကို မြှုပ်ထား၍ မိခင်၏စကားကို ကြားရသောအခါမှ ကျွန်ုပ်၏အထင်ကို အတည်ပြုသောအနေဖြင့် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

### အကြီးဆုံးသောဆူးကြီးပေါက်ခြင်း

စံဒေဝီအကြောင်းကို ဤနေရာတွင် ဇာတ်သိမ်းပြီးနောက် ၁၉၀၉ ခုနှစ်တွင် စံဒေဝီကိုလက်လျှော့လိုက်သည့် အချိန်အပိုင်းအခြားသို့ ပြန်၍ကောက်ရပေဦးမည်။ စံဒေဝီနှင့်အဖြစ်အပျက်သည် ကျွန်ုပ်၏သဘာဝတွင် အကြီးဆုံးသော "ဆူး" ကြီးတစ်ချောင်း ပေါ်ပေါက်စေသည်ဖြစ်၍ လူသားကိုချစ်ခင်ကြင်နာတတ်သည့်စိတ်ထားမျိုး အတော်ကြီးလျော့နည်းဆုတ်ယုတ်သွားခဲ့ပါလေပြီ။ ချစ်ခင်သော မိတ်ဆွေတစ်ယောက်တလေမျှ ဤဌာန၊ ထိုဌာန စသည်များတွင် တွေ့ကြုံရ၍ အပြန်အလှန်ကြင်နာခြင်းရှိကြသော်လည်း လူသားသောင်းပြောင်းအနေဖြင့်မူကား အထင်ကြီးမှုမရှိတော့ဘဲ လူအများနှင့်ပေါင်းသင်းဆက်ဆံရခြင်းထက် တစ်ကိုယ်တည်းနေရသောအဖြစ်ကို ပိုမိုနှစ်သက်လာခဲ့လေပြီ။ နဂိုကတည်းက တစ်ကိုယ်တည်းနေချင်တတ်သည့် "ဉာဉ်" ကလေးပါလာခဲ့သည့်အထဲတွင်(Introvert Type) အထက်ပါအဆင်မပြေမှုနှင့် ကြုံလိုက်သောအခါ "လူတွေဟာ အလကားပါပဲ။ တစ်ယောက်တည်းနေခြင်းက ကောင်းပါသေးသည်"ဟူသော အယူအဆသည် တိုး၍တိုး၍ ဖြစ်ပေါ်လာပြီး သာ၍သာ၍ သဘောကျလာ၏။ သို့ဖြစ်၍ ရွှေဘိုမြို့သစ်တောရုံး၌ စာရေးလုပ်စဉ် ယခင်တစ်ခေါက် အရေးပိုင်ရုံး၌ လုပ်ကိုင်စဉ်က လောက်မျှ အသိအကျွမ်းမရှာတော့ဘဲ စာအုပ်ကိုသာ အဖော်ပြုပါတော့သည်။ အသိမိတ်ဆွေပေါ်များအောင် လုပ်ပေးနိုင်သည့် ဘထွေးနှစ်ယောက်တို့၏ နေအိမ်သို့ပင် တစ်ခေါက်တလေမျှလောက်သာ ရောက်ပါတော့သည်။

### ကြီးပွားချင်စိတ်ကုန်ခန်းပုံ

အကယ်၍ စံဒေဝီသည် ရာထူးရှိသော လူတစ်ယောက် သို့မဟုတ် ပိုက်ဆံရှိသော ယောကျ်ားတစ်ယောက်နှင့်လက်ထပ်သည်ဆိုပါက ကျွန်ုပ်သည် ဘထွေးနှစ်ယောက်ထံသို့ချဉ်းကပ်၍ လက်လှမ်းမီသလောက် တတ်နိုင်သမျှ အမြင့်ဆုံးအဆင့်အတန်းမိန်းကလေး တစ်ယောက်ယောက်ကို ရနိုင်အောင် အားကျမခံ ဂုဏ်တုဂုဏ်ပြိုင်သဘောမျိုးနှင့် ကြိုးစားကောင်း ကြိုးစားမိလိမ့်မည်ထင်သည်။ ယခုမှာမူ (သူတို့အဆိုအတိုင်း) နက္ခတ်ချင်းမတိုက်ဆိုင်၍ လွဲကြရာတွင် သူကိုယ်တိုင်မှာလည်း အိမ်ထောင်ပြုသည်ဟု မကြားရသောကြောင့် ထိုကဲ့သို့ ကြိုးစားဖို့မလိုဘဲဖြစ်နေ၏။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထားနှင့်ပတ်သက်၍ ကြီးစွာသော ပြောင်းလဲချက်တစ်ခု ဖြစ်ပေါ်လာခဲ့ပုံမှာ ယခင်ကမူ ငါသည် စံဒေဝီကို သူတစ်ပါးသားမယားထက် အောက်မကျစေဘဲ ဆင်ပြင်နိုင်စေရန် ရာထူးဌာနန္တရ တိုးတက်အောင် ကြိုးစားရမည်ဟူသော စိတ်အကြံမျိုးရှိခဲ့ရာ ယခုမှာမူကား ကြီးပွားတိုးတက်ရေးအတွက် လုံးဝသတိမရသလောက်ဖြစ်ခဲ့ရလေပြီ။ လူပျိုကလေးဘာဝ လှချင်ပချင် ဝတ်ချင်စားချင်စိတ်မျိုးလည်း ကွယ်ပျောက်သလောက်ဖြစ်နေ၏။ ထိုစဉ်က ရွှေဘိုမြို့ထဲတွင်ဖွင့်သည့် အရပ်ထီတစ်ခုတွင် ကျွန်ုပ်သည် ဇာတ်ထုပ်သုံးထုပ်ပါသည့် ခဲတံစက်တစ်ခု ထီပေါက်ရာ (၃၀၀ လောက်တန်၍ ငွေတန်ဖိုးရှိသောခေတ်ဖြစ်သောကြောင့် တော်တော်ဝယ်လောက်ခြမ်းလောက်သည်။) ၎င်းခဲတံစက်ကိုရောင်းပြီး အဝတ်အစားနှင့် အသုံးအဆောင်များဝယ်မည်ဟု စိတ်ကူးပြီးမှ စီးပွားအခြေယိုင်သဖြင့် မန္တလေးမြို့သို့တစ်ဖန် ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မိဘများထံသို့ ပို့လိုက်ပါသည်။ ဤသည်မှာ ငွေရေးနှင့်ပတ်သက်၍ မိဘများအတွက် ကျွန်ုပ် အများဆုံး စွန့်စားထောက်ပံ့လိုက်ရဖူးခြင်းပင်ဖြစ်ပါ၏။ (မိဘများပြောင်းရွှေ့နေထိုင်ကြသော ရပ်ကွက်မှာ စံဒေဝီတို့နှင့်အတူနေသော ယခင်ရပ်ကွက်မဟုတ်။ မိခင်၏ အစ်မဝမ်းကွဲတစ်ယောက်နေသည့် ခေးတန်းရပ်ကွက်ဖြစ်၏။) ကျွန်ုပ်သည် မိဘများနှင့် နှမကလေး၊ ညီကလေးများပေါ်တွင် ကြင်နာစိတ်ကင်းမဲ့သူတစ်ယောက် မဟုတ်သော်လည်း စံဒေဝီနှင့်လွဲရသည်တွင် လူ့ဘဝကို တော်တော်ကြီးစိတ်ပျက်သွားပြီး ဘာကိုမျှဂရုမစိုက်ချင်တော့ဘဲ မထီတရီဖြစ်လာခဲ့ခြင်းကြောင့် ဝတ္တရားပျက်ကွက်မှုများလှုပါသည်။ စံဒေဝီနှင့်အကြောင်းပါရလျှင် လူ့ဘဝကို ကျေနပ်ပြီး ယခုထက် ဝတ္တရားသိသော သားကောင်းတစ်ယောက်ဖြစ်လာလိမ့်မည်ဟု ထင်မိပါသည်။ (သို့သော် ဤသည်မှာ အထင်မျှသာဖြစ်ပါ၏။)

### မိဘများ၏အကြံအစည်

၁၉၁၀ ပြည့်နှစ် နှစ်ဦးလောက်တွင် မိခင်သည် ကျွန်ုပ်အတွက် အစီအစဉ်တစ်ခုရှိသည်ဆိုကာ အလုပ်မှနုတ်ထွက်ခဲ့ရန်မှာထားသဖြင့် မန္တလေးသို့ ရောက်လာခဲ့၏။ မိခင်တို့ကား ခေးတန်းရပ်တွင် အစ်မတော်သူရေတော်ခင်လေး၏တိုက်၌ နေထိုင်လျက်ရှိကြ၏။ မိခင်နှင့် ကြီးတော်တို့၏ အစီအစဉ်ကား ဤသို့တည်း။ (ကျွန်ုပ်၏ကြီးတော်မှာ ရေနံချောင်းမြို့တွင် ရေနံတွင်းအမြောက်အမြားရှိခဲ့၍ ၎င်းတို့ကို ဘီအိုစီကုမ္ပဏီသို့ရောင်းချခြင်းအားဖြင့် ကြွယ်ဝသူတစ်ယောက်ဖြစ်လာ၏။) ကြီးတော်သည် အိမ်ရှေ့မင်း၏သမီးတော် မင်းသမီးတစ်ယောက်နှင့် ညီအစ်မအရင်းတမျှ ချစ်ခင်လာခဲ့ကြ၍ အတူတကွ နေထိုင်လျက်ရှိရာ ၎င်းတို့၏စိတ်ကူးမှာ ကျွန်ုပ်အား ဆွေတော်မျိုးတော် (မင်းသမီးကလေး)တစ်ယောက်နှင့်ပေးစားရန်၊ ထို့နောက် ကြီးတော်၏သူငယ်ချင်း မင်းသမီးမှာ မင်းပေါက်စိုးပေါက်ဖြစ်၍ မြန်မာပြည်အတွင်းဝန်ချုပ်ကြီးထံသို့ချဉ်းကပ်ပြီး ကျွန်ုပ်အား မြို့အုပ်ခန့်ဖို့ တောင်းခံရန်ဖြစ်လေရာ(ထိုခေတ်၌ ဤအကြံသည် စိတ်ကူးယဉ်ခြင်းသက်သက်မဟုတ်။ ကျွန်ုပ်နှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်မှာ ကိုးတန်းပင်မအောင်ဘဲ ဤနည်းဖြင့် မြို့အုပ်ဖြစ်ခြင်းကို မြင်ရဖူးပါသည်။) ကြီးတော်နှင့် မင်းသမီးသည် ကျွန်ုပ်အား ၎င်းအကြံအစည်ကိုဖိ၍ပြောကြရာ မိခင်၊ ဖခင်တို့ကလည်း သဘောတူကြ၏။ နောက်ဆုံး၌ ကျွန်ုပ်က "ကြည့်ပါရစေ"ဟုပြောသည်နှင့် ကြီးတော်နှင့် မင်းသမီးသည် ကျွန်ုပ်အား ၎င်းအိမ်သို့ခေါ်သွားကြလေ၏။

ဆက်လက်ဖော်ပြပါမည်။



---

# ထန်းတပင်မြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကုမုဒြာပန်းခြံ၌ ကျင်းပသည်။


ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို မြို့နယ်ရဲတပ်ဖွဲ့ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက ဖတ်ကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမျိုးသားမယ်ဒလင်တီးပြိုင်ပွဲ (ဝါသနာရှင်)ဒုတိယအဆင့်တွင် ပထမဆုနှင့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမျိုးသားမယ်ဒလင်တီးပြိုင်ပွဲ(ဝါသနာရှင်)ပထမအဆင့်တွင် တတိယဆုရရှိခဲ့သည့် ဦးသောင်းရီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ်ထုတ်ဝေထားသည့် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



❍ ကျောဖုံးမှအဆက်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေးဟူသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင်ကျင်းပရာ တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို လွှင့်တင်သည်။

ယင်းနောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းကပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို လွှင့်တင်စဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိပြီးဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကိုတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက်(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများနှင့် ဂီတပွဲတော် ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြသထားသည့် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်း ၅၉ ခန်းနှင့်လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေး အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရေး စားသောက်ဆိုင်များ၊အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ MSME အရောင်းဆိုင်ခန်းများအပါအဝင် ဆိုင်ခန်း ၁၆၀ ကျော်တို့ဖြင့် ဖေဖော်ဝါရီလ ၁၄ ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင်ပွဲတော်သို့လာရောက်ကြသူများ အဆင်ပြေချောမွေ့စေရန်အတွက် YBS မော်တော်ယာဉ်များစီစဉ်ဆောင်ရွက်ပေးထားသဖြင့် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာ အထူးစည်ကားစွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဇော်မင်းလတ်-MNA

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန် ပြပွဲပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့တွင်ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဖတ်ကြားကြသည်။

ထို့နောက် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာအသိပညာပေးပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများသီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရှိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ အသီးသီးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရွှေတိဂုံစေတီတော်နှင့်သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ကျင်းပသည်။

ဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့်ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဦးဆောင်တာဝန်ယူ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ရောင်ခြည် ဘုရားပင့်ဂါထာဖြင့်ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း နတ်ပြဟ္မာများကို ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ မဟာသမယသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်း၊ အမျှဝေ၊ သာဓုခေါ်ဆိုခြင်း၊ နတ်ပြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်းတို့ပြုလုပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား စေတီတော်ရှိရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထမနဲဆွမ်းတော်ကြီး လောင်းလှူပွဲကိုကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၆ ပါးတို့အား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကိုလောင်းလှူကြသည်။

ဆက်လက်၍ အနုမောဒနာရေစက်ချပွဲအခမ်းအနားကို စေတီတော်ရင်ပြင်မြောက်ဘက်မုခ်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ•စ•အ ဓမ္မာစရိယပါဠိပါရဂူ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဩဝါဒါစရိယ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှဥပုသ်သီလများကို နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးလှမြင့်က ဇယမင်္ဂလာအနုမောဒနာစာတမ်းလွှာကို လျှောက်ထားသည်။

ယင်းနောက်ဩဝါဒါစရိယဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့်ပရိတ်တရားတော်များကိုနာယူပြီးဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇသ.စ.အ ဓမ္မာစရိယ ဝင်္ဂသကာပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်) ထံမှလှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကိုဂေါပကအဖွဲ့ရုံးအာရုံခံတန်ဆောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုကိုဇော် (MNA)

# တက္ကသိုလ်များနယ်မြေ(ရေဆင်း)၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၂

တက္ကသိုလ်များနယ်မြေ(ရေဆင်း)၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တက္ကသိုလ်များနယ်မြေ(ရေဆင်း)ရှိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပသည်။

ဈေးရောင်းပွဲတော်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်များနယ်မြေ(ရေဆင်း)မှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဈေးရောင်းပွဲတော်ရှိ တက္ကသိုလ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများ၏ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းရင်းသားရိုးရာပဒေသာကပွဲကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများက ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တိုင်းရင်းသားရိုးရာ ပဒေသာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာသောဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်သို့ တက္ကသိုလ်များနယ်မြေ(ရေဆင်း)ရှိရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# Naypyitaw State Academy တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာဈေးရောင်းပွဲတော် နှင့် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

Naypyitaw State Academy တွင်(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်နှင့် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် Naypyitaw State Academy ၏ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်နှင်းကြည်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန်းသန်းမြင့်တို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Nay-pyitaw State Academy ၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဈေးရောင်းပွဲတော်ရှိဈေးဆိုင်များသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅˚C | / | ၃၃˚C |
| ရန်ကုန် | ၁၈˚C | / | ၃၄˚C |
| မန္တလေး | ၁၇˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တုပ်ကွေးအဖျားအတွက် ရိုးရာဆေးမြီးတိုများ

တုပ်ကွေးအဖျားသည် အအေးပတ်၍ ဖျားသောအဖျားမဟုတ် အပူလျှပ်၍ ဖျားသော အဖျားမျိုးလည်းမဟုတ်။ ကိမိလအဖျားဟု ခေါ်သော ပိုးကြောင့်ဖြစ်သည့် အဖျားမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် ပိုးမှကူးစက်သော အဖျားဖြစ်သည်။ ထိုပိုးမျိုးသည် ရာသီဥတုအကူး အပြောင်းတွင် ဖြစ်လေ့ရှိသည်။ ရာသီဥတုကြောင့်ဖြစ်လေ့ရှိသော နှာစေးခြင်း၊ ချောင်းဆိုးခြင်းတို့နှင့် ယှဉ်တွဲကာ ဖြစ်ပွားကူးစက်လေ့ရှိသည်။

ယခုရက်ပိုင်းအတွင်း ရာသီဥတု အပူ၊ အအေး ကူးပြောင်းချိန်တွင် တုပ်ကွေးဖျားသူ အတော်များများ တွေ့ရသည်။ ထိုသို့ ဖြစ်ပွားသူများမှာ ဘတ်စကားစီးသူ၊ ရုံး၊ ကျောင်း၊ ဈေး၊ ဘဏ် စသောလူအများနှင့် ထိတွေ့ဆက်ဆံရသော နေရာများသို့ သွားရောက်ရသူများတွင်ဖြစ်ပွား လေ့ရှိကြောင်း တွေ့ရသည်။

တုပ်ကွေးပိုးသည် အိပ်ရေးပျက်၍ ကိုယ်ခံအားနည်းသူများတွင် ပို၍ ကူးစက်လွယ်သည်။ အလုပ်ချိန်နောက်ကျသဖြင့် ညနေစောင်း သို့မဟုတ် ညပိုင်းရေချိုးသူများတွင် ပို၍ဖြစ်ပွားလေ့ရှိသဖြင့် နေဝင်ပြီးနောက်ပိုင်း ရေမချိုးလျှင် အကောင်းဆုံးဖြစ်သည်။

တုပ်ကွေးဖြစ်ချင်သည့်လက္ခဏာ နှာရည်ယို၊ ချောင်းအနည်းငယ်ဆိုးပြီး မျက်နှာနီမြန်းလာလျှင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကွမ်းရွက်ပြုတ်ရည်သောက်သင့်သည်။ ကွမ်းရွက်သုံးရွက်ကို ရေနွေးမတ်ခွက် တစ်ဝက်တွင် ဆားအနည်းငယ်ထည့်၍ နွမ်းသွားအောင် ၁၅ မိနစ်ခန့် အုပ်ထားပါ။ ကွမ်းရွက်နွမ်းသောအခါ ခပ်ပူပူလေးမှုတ်သောက်လျှင် နဖူးမှ ချွေးစို့လာပြီး တော်ရုံအဖျားမှာ ပျောက်ကင်းနိုင်သည်။

ဒုတိယနည်းမှာ ကွမ်းရွက်သုံးရွက်၊ ထန်းလျက် (အမည်း) ခုနစ်ခဲ၊ ဆားမန်ကျည်းစေ့ခန့်ကို မတ်ခွက်တစ်ခွက်စာ ရေနွေးဖြင့်ထည့်ပြီး သုံးပုံ တစ်ပုံခန်းအောင် ကျိုချက်ပါ။ ထို့နောက် ကြွေပန်းကန်လုံးကြီးထဲသို့ ထည့်ပြီး အငွေ့ကို မျက်နှာနှင့်ထိတွေ့အောင် ခေါင်းငုံ့ကာ ကြွေဇွန်းဖြင့် ခပ်သောက်ပါ။ ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်မတ်ခွက်တစ်ဝက် ကုန် အောင်သောက်လျှင် ပထမရက် အဖျားဝင်ခါစ တုပ်ကွေးအဖျားကို ကာကွယ်နိုင်သည်။

ကြာဆံဟင်းခါးနှင့် ရှောက်သီးသုပ်သည် တုပ်ကွေးဖျားသူများအတွက် ဓာတ်စာဖြစ်သည်။ ကြာဆံဟင်းခါးတွင်ပါသော ချင်းနှင့် ငရုတ်ကောင်း မှုန့်တို့သည် ဖျား၍ အစာကြေကျက်အားနည်းနေသော အစာအိမ်ကို ဝမ်းမီးတောက်ပြီး အစာကြေအားပေးသည့်အပြင် ခံတွင်းပျက်ခြင်းမှ လည်း ပြန်လည်ကောင်းမွန်လာစေနိုင်သည်။ တချို့ဓာတ်စာဆရာများက တုပ်ကွေးဖျားသူများကို ကြက်သားနှင့် ရှောက်ရွက်သုပ်စားခိုင်းသည်။ အသားမစားသူ၊ သက်သတ်လွတ်စားသူများမှာ ရှောက်ရွက်ဟင်းချို သောက်ပေးလျှင် အဖျားတက်ခြင်းမှ သက်သာစေနိုင်သည်။

(ကြာဆံဟင်းခါး သောက်သူများ သတိပြုရန်မှာ ငုံးဥ ထည့်မချက်ရန် ဖြစ်သည်။ ငုံးဥသည် အဖျားကို ငုပ်စေသည်။ အစာမကြေဖြစ်စေသည်။)

တုပ်ကွေးကို အဖျားပျောက်အောင် ဆေးပူချည်း တိုက်၍မရပေ။ အအေးဓာတ်ပါသော ဓာတ်စာများစားပေးမှသာ ရက်မကြာဘဲပျောက် ကင်းနိုင်သည်။ တုပ်ကွေးဖျားသူကို နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်း အုန်းစိမ်းရည်ကို တိုက်ပေးလျှင် အားပြည့်ပြီး အဖျားကျစေနိုင်သည်။ ညနေသုံးနာရီမှ ခြောက်နာရီအတွင်းတွင် သံပရာရည်သောက်သင့် သည်။ တုပ်ကွေးဖျားနေစဉ် ထမင်းမစားဘဲ ဆန်ပြုတ်၊ ပဲရာဇာဟင်းချို ခေါက်ဆွဲပြုတ်၊ ကြက်ပေါင်းရည် စသည်တို့ကိုသောက်သုံးသင့်သည်။

ဂျပန်ခေတ်က ဆေးဝါးများ ရှားပါးချိန်တွင် အားဆေးအဖြစ် အုန်းစိမ်း ရည်ကို အကြောဆေးအဖြစ် ပိုက်ဖြင့် သွေးကြောအတွင်းသို့ တိုက်ရိုက် ထိုးပြီး ကုသမှုပြုခဲ့သည်ဟု သိရသည်။ ဝမ်းလျှော၍ အားပြတ်ခြင်း၊ ဆီးချုပ်ဆီးအောင့်ခြင်းများကိုလည်း အုန်းစိမ်းရည်ဖြင့် ကုသနိုင်သည်။ ပင်လယ်ကမ်းခြေ၌အပန်းဖြေသူများသည် အုန်စိမ်းရည်သောက်လျှင် အားပြည့်ရုံသာမက အုန်းစိမ်းရည်အအေးဓာတ်ဖြင့် စိတ်ကိုပါလန်းဆန်း စေနိုင်သည်။

**"တုပ်ကွေးပိုးသည် အိပ်ရေးပျက်၍ ကိုယ်ခံအားနည်းသူများတွင် ပို၍ ကူးစက်လွယ်သည်။ အလုပ်ချိန်နောက်ကျသဖြင့် ညနေစောင်း သို့မဟုတ် ညပိုင်း ရေချိုးသူများတွင် ပို၍ဖြစ်ပွားလေ့ရှိသဖြင့် နေဝင်ပြီးနောက်ပိုင်း ရေမချိုးလျှင် အကောင်းဆုံးဖြစ် . . ."**

ကြည်လွင်မြင့်(မုဒြာ)

---

# နံနက်ခင်း နေရောင်ခြည်ဖြင့် လေဖြတ်ခြင်းကို ကာကွယ်နိုင်

ကျန်းမာရေးလိုက်စားသော မိသားစုများသည် နံနက်ခင်းအိပ်ရာထ၍ မျက်နှာသစ်၊ သွားတိုက်ပြီးသည်နှင့် မိမိအိမ်တံခါးပေါက်များကို ဖွင့်ထားပြီး နံနက်ခင်းထွက်လာသော နေရောင်ခြည်ကို အိမ်အတွင်းပိုင်းအထိ ဝင်နိုင်သမျှဝင်အောင် ဆောင်ရွက်သင့်သည်။

နံနက်ခင်းထွက်ပေါ်သော နေရောင်ခြည်သည် လောကကြီးကို အကျိုးပြုသော တေဇောဓာတ်ပါရှိသည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဟူသော ပဉ္စဘူတဓာတ်ကြီးငါးပါးတွင် တေဇောဓာတ်တစ်ခုတည်းကသာ ရင့်ကျက်စေသော အစွမ်းသတ္တိရှိသည်။ နေရောင်ခြည်တွင်ပါဝင်သော တေဇောဓာတ်ကြောင့် သတ္တဝါများ နှင့်အပင်များ ရှင်သန်ကြီးထွားဖြစ်ထွန်းသည်ဟု အယူအဆရှိသည်။ နေရောင်ခြည်မရှိလျှင် အပင်နှင့်သတ္တဝါများ မရှင်သန်နိုင်ဟုဆို သည်။

နံနက်စောစော နေရောင်ခြည်ကို ခံယူခြင်းဖြင့် လူ့ခန္ဓာကိုယ်မှ အရိုး၊ အဆစ်နှင့်အကြောများကို သန်မာစေသည်။ အရိုးပျော့ခြင်း၊ အကြောပျော့ခြင်း၊ ထိုင်းမှိုင်းခြင်း၊ လေးလံခြင်းများကို ပြေပျောက်စေပြီး ရွှင်လန်း တက်ကြွမှုကို ဖြစ်စေနိုင်သည်။ နံနက်ခင်းနေရောင်ခြည်အောက်တွင် လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ရေချိုးခြင်းတို့ပြုလုပ်ပေးလျှင် ကျန်းမာ ရုံမျှမက အရိုးများသန်စွမ်းခြင်း၊ အရွယ်တင်နုပျိုခြင်းတို့ကို ဖြစ်စေနိုင် သည်။

အိမ်တွင်းရှိ ဖုန်နှင့် အမှိုက်သရိုက်များကြားတွင် ပုန်းအောင်းနေသော ယားယံခြင်းကိုဖြစ်စေသည့် ပိုးမွှားတို့သည် နေရောင်ခြည်ကြောင့် သေစေနိုင်သည်။ နေရောင်ခြည်မရသောနေရာတွင် ပိုးမွှားများခိုအောင်း နေလေ့ရှိသဖြင့် နေရောင်ခြည်ဝင်နိုင်သမျှဝင်အောင် ပြတင်းပေါက်များ၊ ခန်းဆီးများကို နံနက်ခင်းတွင် ဖွင့်ပေးထားသင့်သည်။

အနောက်တိုင်းကျန်းမာရေး ပညာပေးဂျာနယ်များတွင် နံနက်ခင်း နေရောင်ခြည်တွင်ပါဝင်သော ဗီတာမင် D အကြောင်းကို များစွာ ရည်ညွှန်းရေးသားလေ့ရှိကြောင်း တွေ့ရသည်။ မွေးကင်းစနှင့် အသက် ငါးနှစ်အောက်ကလေးများကို နံနက်ခင်း နေရောင်ခြည်အောက်တွင် တစ်နာရီခန့် နေ့စဉ်ထားပေးခြင်းဖြင့် သန်မာထွားကျိုင်းစေသည့်အပြင် အရိုးပျော့ရောဂါမှလည်း ကာကွယ်နိုင်သည်ဟု ရေးသားထားသည်ကို ဖတ်ရှုရသည်။

နေရောင်ခြည်မှပေးစွမ်းသော တေဇောဓာတ်သည် ယခုနောက်ပိုင်း အဖြစ်များလာသော လေဖြတ်ခြင်းကိုလည်း ကာကွယ်ပေးကြောင်း အသက်အရွယ်ရလာသော လူကြီးပိုင်းများအား အသိပေးလိုပါသည်။ နံနက်ခင်း လမ်းလျှောက်သောအခါ သစ်ပင်ကြီးများနှင့် အရိပ်အောက် တွင် လမ်းလျှောက်ခြင်းထက် နေရောင်ခြည်တိုက်ရိုက်ရသောနေရာ တွင် လမ်းလျှောက်ခြင်းက ပို၍ကောင်းသည်။

အသက်အရွယ်ကြီးသော လူကြီးများကို လမ်းမလျှောက်နိုင်သော်လည်း နံနက်ခင်းနေရောင်ခြည်အောက်တွင် ထိုင်ပေးခြင်းကို နေ့စဉ် တစ်နာရီခန့် ပြုလုပ်ပေးရုံဖြင့် လေဖြတ်ခြင်းမှ ငါးဆယ်ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**"နေရောင်ခြည်မှပေးစွမ်းသော တေဇောဓာတ်သည် ယခုနောက်ပိုင်း အဖြစ်များလာသော လေဖြတ်ခြင်းကိုလည်း ကာကွယ်ပေးကြောင်း အသက်အရွယ်ရလာသော လူကြီးပိုင်းများအား အသိပေးလိုပါသည်။ နံနက်ခင်းလမ်းလျှောက်သောအခါ သစ်ပင်ကြီးများနှင့် အရိပ်အောက်တွင် လမ်းလျှောက်ခြင်းထက် နေရောင်ခြည်တိုက်ရိုက်ရသောနေရာတွင် လမ်းလျှောက်ခြင်းက ပို၍ကောင်းသည် . . ."**

---

# တံတားဦးမြို့နယ် အိမ်မြင့်စံကျေးရွာ၌ စာကြည့်တိုက်သစ်ဖွင့်ပွဲကျင်းပ

တံတားဦး ဖေဖော်ဝါရီ ၁၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာအုပ်စု အိမ်မြင့်စံကျေးရွာ၌ ရွှေအိမ်စံစာကြည့်တိုက်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရွှေအိမ်စံစာကြည့်တိုက် အဆောက်အအုံသစ်အား တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးသန်းနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ခင်မောင်ဇော်နှင့် အလှူရှင် ဦးဝင်းကျော်တို့က စာကြည့်တိုက်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ အလျား ပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၂ ပေရှိပြီး နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ စေတနာရှင်အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် သိန်း ၂၅၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ပိုက်ပိုက်အေး တို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့်မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့်လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများနှင့်တူရိယာပစ္စည်းများ၊ ပိုလီတက္ကနစ်တက္ကသိုလ်(ထားဝယ်)မှပြသထားသည့်Product Show သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းနှင့် Reference Book များ၊ ဒေသမှ ထွက်ရှိသော MSME ပြခန်းများစသည့် ပြခန်း ၁၅ ခန်းကိုစိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးပြီးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းတွင်ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားလျက်ရှိရာဒေသခံပြည်သူများက ပြခန်းများကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြခန်းကို ဖေဖော်ဝါရီလ ၁၃ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၂ ရက် နှင့် ၁၃ ရက်ညနေပိုင်းတွင် ဒေသခံပြည်သူများအား စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လတ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ကျိုက်ထို ဖေဖော်ဝါရီ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အောင်ဆန်းအားကစားကွင်းအတွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ (အမျိုးသား၊ အမျိုးသမီး)အပြေးပြိုင်ပွဲ၊ မီတာ ၄၀၀ (အမျိုးသား၊ အမျိုးသမီး)အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အာလူးကောက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးဆန်ကောရွက်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင်ဆုရရှိသူများအား ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများအသီးသီးပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်းသိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စုပေါင်းရုံးဝင်း၌(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကိုဖေဖော်ဝါရီလ၁၂ရက် နံနက်ပိုင်းတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အကဲဖြတ်ဒိုင်အဖွဲ့များက ပြိုင်ပွဲဝင်အသင်းများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပြိုင်ပွဲဝင်ဦးရေနှင့် သတ်မှတ်ပစ္စည်းအမျိုးအစား ပမာဏတို့ကို ရှင်းလင်းပြောကြားပြီး လိုက်လံစစ်ဆေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ကိုးသင်းက သတ်မှတ်ချိန်အတိုင်း စတင်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်အဖွဲ့က အမှတ်ပေးကြသည်။



ယင်းနောက် ထမနဲထိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများကဆုများပေးအပ်ကြောင်း သိရသည်။

**မျိုးဝင်းညို**

# ပြည်ထောင်စုကြီးခိုင်မြဲစေ

* ဖေဖော်ဝါရီ ဆယ့်နှစ်ရက်
နိုင်ငံတွက် ကောင်းစဉ်လာ။
တိုင်းရင်းသားတွေ ညီညွတ်မှု
အောင်မြင်မှုပါ။
ပင်လုံမြေက စတင်ကာ
ပြည်မြန်မာ လွတ်လပ်ရေး။
အေးအတူ ပူအမျှ
နေကြဖို့တွေး။

* ပင်လုံမြေ အခြေပြုလို့
ပြည်ထောင်စုနေ့ဖြစ်ပေါ်လာ။
ကချင် ကယား ကရင် ချင်း
ရင်တွင်းကြည်သာ။
ရခိုင် ရှမ်း မွန် ဗမာ
ချစ်ကြည်စွာ ခိုင်ခိုင်မြဲ။
ပြည်မြန်မာ သာယာဖြိုးအောင်
ကြိုးစားဖို့ပဲ။

* ဘိုးဘွားတွေ အမွေနှစ်မို့
တွေးစစ်လို့ ထိန်းသိမ်းမလေ။
မြေရေလေ တို့ပိုင်နက်
ဂုဏ်တက်ဖို့ပေ။
တိုင်းရင်းသားတို့ စည်းလုံးနေ
ရေကိုလှျှင် ပမာပြု။
အကြားမထင် သွေးမကွဲ
ခိုင်မြဲစေမှု။

* ဒီမိုကရေစီပြည်ထောင်စု
ညီညွတ်မှု အရင်းခံ။
ဒို့တာဝန်အရေးသုံးပါး
လေးထားကြရန်။
ပြည်တွင်းပြည်ပ အဖျက်မှန်
မျိုးချစ်မာန် ဇာတိသွေးမို့။
တို့ပြည်ကို တို့ချစ်လို့
သစ္စာရှိစို့။ ။

**မောင်မောင်အေး(ဘိုကလေး)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၃-၂-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှအဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြခန်းများတွင် လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် ပတ်သက်၍ စက်ပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်၍ ယခုထက်ပိုမိုကောင်းမွန်သည့် စက်ကိရိယာများဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ထို့ကြောင့် လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် နည်းပညာအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ တောင်သူများ လိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများကိုထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာဖလှယ်နိုင်ရေး၊ အကြံဉာဏ်များရရှိရေး၊ ပိုမိုကောင်းမွန်သည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးတို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြခန်းကိုယ်စားလှယ်များက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ပြီး လက်တွေ့အသုံးချနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ခဲ့မှု၊ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်အား သုတေသနပြုလုပ်၍ တီထွင်ထုတ်လုပ်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးစိုက်ပျိုးရေးကိရိယာများကိုထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များ မထုတ်လုပ်နိုင်သည့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများရှိပါက ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့်တောင်သူများ၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ယခုထက် ပိုမိုအရည်အသွေးကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမှစ၍ စနစ်တကျစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အမြောက်အမြားထုတ်လုပ်နိုင်လျှင် ဈေးနှုန်းလည်းကျဆင်းမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနည်းပညာအဖွဲ့များဖွဲ့စည်း၍ ကောင်းမွန်သည့်စီမံခန့်ခွဲမှုစနစ်များဖြင့် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်းလုပ်ငန်းများသည် စနစ်တကျဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အဆင့်မြင့်တင်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာအဖွဲ့ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီဌာနဆိုင်ရာဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ အားကစားကွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ထမနဲထိုးနေမှုနှင့် နေပြည်တော်ကောင်စီ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲများ ပျော်ရွှင်စည်ကားသိုက်မြိုက်စွာကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အားကစားနည်းအလိုက် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်အတူ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ကျင်းပသည့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ပြသသည့် လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall)၌ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးအတွက် လက်လီလက်ကားရောင်းချသူများနှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနေမှုများ၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် လေ့လာဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများကိုမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# ပဲမျိုးစုံဆွေးနွေးပွဲ -၂၀၂၅ သို့ ပါဝင်တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ နယူးဒေလီမြို့သို့ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပမည့် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိ ပဲမျိုးစုံဆွေးနွေးပွဲ-၂၀၂၅ သို့တက်ရောက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နယူးဒေလီမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ တတိယနေ့မြင်ကွင်းပုံရိပ်များ














# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပနေမှုပုံရိပ်များ













# နိုင်ငံကအလေးထား ရာနှုန်းပြည့် MSME ထုတ်ကုန်သစ်များ

ထက်ဝေအောင်(စစ်ကိုင်း)

ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးအားပြိုင်မှုအကောင်းဆုံးဖြင့် အနာဂတ်လူ့ဘောင်လောကတစ်ခုကို ပီပြင်စွာထုဆစ်လျက်ရှိကြသည်။ နိုင်ငံအလိုက်စီးပွားရေးမူဝါဒအသီးသီး ကျင့်သုံးလျက်လူသားများအတွက် ခေတ်ကတောင်းဆိုလာသည့်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး လုံ့လပြုကြိုးပမ်းဆောင်ရွက်လာကြသည်။ ချိန်ဆတွက်ချက်လျက် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်ရာတွင် ဝယ်လိုအား၊ ရောင်းလိုအားသည် ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍအတွက် ထင်သာမြင်သာသည့် အညွှန်းကိန်းတစ်ခုဖြစ်သည်။ ပြည်တွင်းသုံးစွဲမှု၊ ပြည်ပတင်ပို့မှုဟူ၍ အခန်းကဏ္ဍများခွဲခြား၍ လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင် အစရှိသောကဏ္ဍအလိုက် ဂျီဒီပီတိုးတက်ရေးဆောင်ရွက်ချက်များသည် နိုင်ငံ့စီးပွားရေးမောင်းနှင်အားကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။ GDP(Gross Domestic Product)အညွှန်းကိန်းသည် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၌ထုတ်လုပ်သည့်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများ၏ စုစုပေါင်းငွေကြေးတန်ဖိုး၊ တိုင်းပြည်၏စီးပွားရေးအတက်အကျကို ညွှန်ပြနေခြင်းလည်းဖြစ်သည်။

ပြည်တွင်း၌ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို သုံးစွဲအားပေးခြင်းဖြင့် ပြည်ပသို့ နိုင်ငံခြားငွေစီးဆင်းမှုကို တားဆီးနိုင်သည်။ ပြည်ပသွင်းကုန်အစား ပြည်ပပို့ကုန်အသွင်ပြောင်းလဲ၍ နိုင်ငံ၏စီးပွားရေးအဆင့်အတန်း မြှင့်တင်သွားရပေမည်။ နိုင်ငံခြားဝင်ငွေစီးဆင်းမှုအားကောင်းခြင်းမှတစ်ဆင့် နိုင်ငံအတွက် လိုအပ်သည့်ကဏ္ဍအသီးသီးကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအများစုလိုအပ်သည့် အခြေခံအရင်းအနှီးမှာ လျှပ်စစ်ကဏ္ဍဖြစ်သည်။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးသည်နှင့်အခြားသော စီးပွားရေးလုပ်ငန်းများကောင်းမွန်စွာ လည်ပတ်မောင်းနှင်နိုင်စွမ်းရှိပေသည်။ ရေမီးအစုံစုံပြည့်စုံလျှင် ထိုရေမြေပေါ်တွင်အခြေပြုတည်ဆောက်သွားနိုင်မည့် စီးပွားရေးအဆောက်အအုံများစွာ ပေါ်ထွက်လာနိုင်ပေသည်။

စွန့်ဦးတီထွင်လုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများစွာကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစုများစွာမှသည် စီးပွားရေးတွန်းအားတစ်ရပ်ဖြစ်လာပြီး ကျယ်ပြန့်သောစီးပွားရေးအင်အားစုကြီးများ ဖြစ်လာသည်အထိ တိုးတက်ပြောင်းလဲ လာနိုင်ပေသည်။ အောင်မြင်သောစီးပွားရေးလုပ်ငန်းတစ်ရပ်တည်ဆောက်ရာတွင် စီးပွားရေးဆိုင်ရာလိုအပ်သော နည်းစနစ်နှင့်အသုံးဝင်သောနည်းလမ်းများကို ကောင်းစွာအသုံးချရမည်ဖြစ်သည်။ လုပ်ငန်းတစ်ခုချင်းစီတွင် စိတ်ကူးသစ်များစွာပါရှိသည်။ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများစွာကို လေ့လာဆန်းစစ်ကြည့်ပါက အငယ်စား စီးပွားရေးလုပ်ငန်းများကို ဗဟိုပြုသည်ကိုတွေ့ရှိရသည်။ မြို့ရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ကြသကဲ့သို့ တစ်နိုင်တစ်ပိုင် ကုန်ထုတ်လုပ်ငန်းများစွာကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဈေးကွက်ဝင်ရောင်းအားကောင်းသည့် ပြင်ဦးလွင်က ဝိုင်၊ စတော်ဘယ်ရီ၊ နာနတ်ယိုနှင့် မလိုင်မုန့်များ၊ ပုဂံညောင်ဦးက ပုန်းရည်ကြီးနှင့်ဆီးယို၊ ကျောက်ပန်းတောင်းအာလူးကြော် အစရှိသည့် ဒေသထွက်စားစရာများသည် လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားလှသည်။

လုပ်ငန်းရပ်အသီးသီးသည် စားသုံးသူများ၏ လိုအပ်ချက်၊ သုံးစွဲသူများ၏အသုံးပြုမှုအပေါ်ရပ်တည်ကြသည်။ အပြန်အလှန်အားဖြင့် ဆက်သွယ်မှုရှိသဖြင့် ဈေးကွက်၏တောင်းဆိုမှုအလိုက်ဖြည့်စွမ်းနိုင်သည့်အစီအမံများချမှတ်ရန်လိုသည်။ စားသုံးသူသည် စဉ်ဆက်မပြတ်တည်ရှိနေမည့်ဖြစ်တည်မှုဖြစ်သည်။ စီးပွားရေးကိုဗဟိုပြုလုပ်ဆောင်သူများသည် စားသုံးသူတိုင်းအတွက် လိုအပ်သည့်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အရည်အသွေးနှင့်ဈေးနှုန်းသည် ဆက်စပ်မှုရှိသည်။ အရည်အသွေးနိမ့်သော ပစ္စည်းများကို လူတိုင်းနှစ်သက်လေ့မရှိကြပေ။ သုံးစွဲသူနှစ်သက်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ အသုံးပြုမှုဆိုင်ရာဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများသည် ကုန်စည်စီးဆင်းမှုအတွက် သိမ်မွေ့သောဖြစ်စဉ်များဖြစ်သည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် မျက်မှောက်ကာလနှင့်အနာဂတ်လိုအပ်ချက်ကို တွက်ဆ၍ ဈေးကွက်အပေါ် သုတေသနပြုခြင်း၊ ဆန်းစစ်ခြင်းများ ပြုလုပ်ကြရလေ့ရှိသည်။ တိုးတက်ပြောင်းလဲလျက်ရှိသည့်ခေတ်နှင့်အပြိုင် အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ တီထွင်ဆန်းသစ်သည့် ထုပ်ပိုးမှုပုံစံပြုပြင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ထိထိမိမိအသုံးချရန်လိုအပ်ပေသည်။ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသော ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများ လုံလောက်စွာထွက်ရှိအောင်ဆောင်ရွက်ပြီး ကုန်ချောထုတ်လုပ်မှုအပိုင်းတွင်လည်း လူအများကြိုက်နှစ်သက်သည့် အရည်အသွေးပြည့်မီသောကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက်ရမည်ဖြစ်သည်။

နိုင်ငံ၏ဒေသအသီးသီးသည် မြန်မာ့ရိုးရာဒေသထွက် ကုန်စည်အမျိုးမျိုးထွက်ရှိပေသည်။ အဆိုပါဒေသထွက်ကုန်ပစ္စည်းများတွင်လိုအပ်သည့် ကုန်ကြမ်းများရှာဖွေခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဝယ်လိုအား/ရောင်းလိုအားကို အခြေပြုဆောင်ရွက်ကြလေ့ရှိသည်။ စားသုံးသူနှစ်ခြိုက်သည့်ကုန်ပစ္စည်းသည် နာမည်ရထင်ရှားသည်။ နာမည်ရှိသည့်အမှတ်တံဆိပ်နောက်တွင်လည်း ပုံစံတူအတုအပသတိပြုစရာအခြေအနေများပေါ်ပေါက်လေ့ရှိသည်။ ကုန်အမှတ်တံဆိပ်တစ်ခုသည် သက်မဲ့တစ်ခုဖြစ်သော်လည်း ကုန်ပစ္စည်းတီထွင်ထုတ်လုပ်မှုကိုကိုယ်စားပြုသည်။ အရည်အသွေးညံ့လျှင် ကုန်အမှတ်တံဆိပ်ကိုထိခိုက်နိုင်ပြီး စားသုံးသူများအကြားဝယ်လိုအား ကျဆင်းသွားစေနိုင်သည်။




အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်အတွင်းရေရှည်ရပ်တည်နေနိုင်သည့်စွမ်းဆောင်ချက်ရှိရန်လိုအပ်ပြီး လုပ်ငန်းအပေါ် စီမံခန့်ခွဲနိုင်စွမ်းအားကို ပြသရန်ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုများနှင့် ရင်းနှီးစိုက်ထုတ်ငွေလိုအပ်မှု အစရှိသည့်လုပ်ငန်းတစ်ခု၏ အားသာချက်နှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ထည့်သွင်းစဉ်းစားရလေ့ရှိသည်။ ထို့အတူ ဈေးကွက်အပေါ်နားလည်ခြင်း၊ စီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ခြင်းဖြင့် ဝယ်လိုအားနှင့်ရောင်းလိုအားကို အကဲခတ်နိုင်ရမည်ဖြစ်သည်။ ဈေးကွက်အခြေအနေသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသိရှိရမည့် စနစ်တစ်ခုဖြစ်သည်။ ဈေးကွက်အတွင်းရှိကုန်စည်၊ ဝန်ဆောင်မှု၊ ဈေးနှုန်းပမာဏတို့သည် လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူများအတွက် ရင်ဆိုင်ကြရမည့်ယှဉ်ပြိုင်မှုအသွင်အပြင်ဖြစ်သည်။ အသေးစားနှင့်အလတ်စား စီးပွားရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းများဖြစ်ပြီး လူသုံးကုန်ပစ္စည်း၊ စက်ပစ္စည်းနှင့် အခြားကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၏ရာခိုင်နှုန်းမှာ နည်းပါးနေသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်တွင် လိုအပ်လျက်ရှိသည့် ကွက်လပ်များကို ဖြည့်ဆည်းနိုင်ရေး စီးပွားရေးလုပ်ငန်းရှင်အားလုံး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ငန်းတစ်ခုချင်းမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဝယ်လိုအား/ရောင်းလိုအားကို ကိုယ်စားပြုသည့်ကုန်စည်အရေအတွက်နှင့်အရည်အသွေးကို အာမခံရရှိစေနိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်မှုကိုဖြစ်စေသည်။ လုပ်ငန်းတိုင်းသည် မှန်ကန်သောလုပ်ဆောင်ချက်၊ ခိုင်မာသောယုံကြည်ချက်ဖြင့် ရှေ့သို့ချီရန်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိ၏အရည်အသွေးကို ပြသရန်လိုသည်။ တစ်ဦး၏အားသာချက်ကို တစ်ဦးကနားလည်ပြီး မိမိ၏အရည်အသွေးကို တိုးတက်စေသည့် ပြိုင်ဘက်ကောင်းရွေးချယ်ကြရမည်ဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအစီအစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ထုတ်ကုန်အသစ်၊ အမယ်သစ်များ ပိုမိုထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ချေးငွေနှင့်အကူအညီရရှိရေး လမ်းပြကူညီကြရပါမည်။ အတွေ့အကြုံရင့်ကျက်သောလုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာလုပ်ငန်းအစီအစဉ်ရှိသည်။ မတူညီသောလုပ်ငန်းအစီအစဉ်၊ မတူညီသောလုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေးရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့်ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်များနှင့် အဝတ်အထည်များသုံးစွဲအားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို စာမျက်နှာ ၁၄ သို့ ▸▸|

⏭ စာမျက်နှာ ၁၃ မှအဆက်

အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်”ကိုထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်၍ တစ်နိုင်တစ်ပိုင်အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ လူတိုင်းအသုံးချနိုင်သည့် အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများလည်းရရှိနိုင်ပေသည်။ နိုင်ငံတော်၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ပြည်ပဝင်ငွေရရှိခြင်း အစရှိသည့်အခြေအနေများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာ့ဒေသအသီးသီးမှ ထွက်ရှိသည့်ကုန်ပစ္စည်းအားလုံး Made in Myanmar စာတန်းထိုးဖော်ပြပါရှိမှုနှင့်အတူ ထုတ်ကုန်များ ကမ္ဘာပတ်နိုင်ခြင်းသည် မြန်မာတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။



# မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြလေ့ကျင့်



ဇီးကုန်း ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့်မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် မြို့မဈေးကြီး၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦးက မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ၊ ရေလှောင်ကန်များတွင် ရေများအဆင်သင့်ရှိစေရေး၊ အသေးစားမီးသတ်စက်များအဆင်သင့်စီမံဆောင်ရွက်ထားရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုများ စနစ်တကျရှိစေရေးနှင့်ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မီးသတ်ဆေးဘူးအသုံးပြုပုံအားရှင်းလင်းပြသ၍ ရေစိုဝတ်ဖြင့်မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်းနှင့် ရေဖြင့်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

ထို့နောက် မီးသတ်ရေငုတ်များစီစဉ်ဆောင်ရွက်မှုနှင့် အရေးပေါ်အခြေအနေတွင် မီးသတ်ကားများ ဝင်ထွက်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များတက်ရောက်၍လက်တွေ့ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေး

သာစည် ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သမန်းကန်ကျေးရွာ၌ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။


ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သမန်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က အဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးအား ထုတ်ချေးငွေကျပ် ၁၆ ဒသမ ၆၅ သန်းကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအား ထုတ်ချေးငွေကျပ် ၇ ဒသမ ၈၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးအား ထုတ်ချေးငွေကျပ် ၂၄ ဒသမ ၁ သန်းကိုလည်းကောင်း ထုတ်ချေးပေးကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မိုးနဲမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေး အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး



မိုးနဲ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်းရှိ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်မျိုးစုံအရောင်းဆိုင်များတွင် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တာဝန်ရှိသူများက လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်မျိုးစုံအရောင်းဆိုင်များတွင် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းများမြှင့်တင်ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊ မမှန်မကန်ဆောင်ရွက်ခြင်းများနှင့် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှအနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုချီးမြှင့်ငွေများပေးအပ်စဉ်။

✮ **စာမျက်နှာ ၁၇ မှအဆက်**

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှMSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

✯ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ အတွင်းရေးမှူးနှင့်ဇနီးတို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အတူ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှတေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ငြိမ်းချမ်းတမန် ဖိတ်ခေါ်သံ" ဂုဏ်ပြုတေးဂီတ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။



ကဇာတ်ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက "ပြည်ထောင်စုတိုင်းရင်းသားတို့မြေ" ယိမ်းအကဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် **စာမျက်နှာ ၁၅ သို့** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။





MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, wife Daw Kyu Kyu Hla host dinner to mark the 78th Anniversary of Union Day



Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and wife Daw Kyu Kyu Hla greet attendees to the dinner honouring the 78th Anniversary of Union Day 2025.

NAY PYI TAW February 12

Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and wife Daw Kyu Kyu Hla hosted the dinner to mark the 78th Anniversary of Union Day 2025 at the square in front of the City Hall in Nay Pyi Taw this evening.

On arrival at the square in front of the City Hall at 6 pm, the Senior General and wife were welcomed by SAC Vice Chairman Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife Daw Than Than Nwe, Union ministers and their wives, Nay Pyi Taw Council Chairman U Than Tun Oo and wife.

The Senior General and wife, the Vice-Senior General and

See Page - 19



Dinner honouring the 78th Anniversary of Union Day 2025 is in progress.

From Page - 18

wife cordially greeted attendee cultural troupes from regions and states, chairmen and representatives of political parties, leaders and representatives of NCA signatory ethnic armed organizations, economic affairs and ethnic affairs ministers of regions and states, MSME entrepreneurs from regions and states, senior military officers from the Office of the Commander-in-Chief and their wives, union ministers, union level officials and their wives, SAC members and their wives, the SAC joint secretary and wife and the SAC secretary and wife.

The Senior General and wife together with attendees enjoyed the launching of fireworks to honour the 78th Anniversary of Union Day 2025.

Following that, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attended the honorary dinner together with the guests and shared the meal.

Before and during the dinner, singers from the modern Myanmar music band performed melodious songs to entertain the attendees.

After the honorary dinner, the Senior General and his wife, along with the distinguished guests, watched cultural performances presented by artists from the Department of Fine Arts of the Ministry of Religious Affairs and Culture, and traditional cultural troupes at the open-air theater of the City Hall. These performances included traditional dances from various ethnic groups.

During the performances, artists from the Department of Fine Arts of the Ministry of Religious Affairs and Culture presented a musical drama titled "The Messenger of Peace." Additionally, traditional dance troupes from the Kachin, Kayah, Kayin, Chin, the Bamar from Sagaing Region, Mon, Rakhine, and Shan ethnic groups performed traditional songs and dances. The artists and cultural troupes also presented a traditional dance called "The Land of the Union's Ethnic People."

After the performances, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla honored the ethnic cultural troupes that performed at the 78th Union Day celebration in 2025 with floral tributes and warmly greeted them.

The honorary dinner was attended by the SAC Secretary and his wife, the Joint Secretary and his wife, members of the Council and their spouses, members of the Central Advisory Board of the State Administration Council, retired senior military officers, Union Ministers, Union-level officials and their spouses, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, advisors to the Chairman of the State Administration Council, the Commander of the Nay Pyi Taw Command, Deputy Ministers, region and state economic ministers and ethnic affairs ministers, leaders and representatives of ethnic armed organizations that have signed the Nationwide Ceasefire Agreement (NCA), chairpersons and representatives of political parties, departmental officials, MSME entrepreneurs from regions and states, ethnic cultural troupes from regions and states, and other invited guests.

**100**

## Farmers harvest more than 60,000 acres of monsoon paddy in Homalin Township

HOMALIN February 12

The statistics of Homalin Township Agriculture Department mentioned that a total of 61,271 acres of monsoon paddy has been harvested in Homalin Township of Sagaing Region.

Farmers started harvesting of paddy in October 2024, and they have so far harvested 61,271 acres out of 63,263 acres of monsoon paddy in the township, yielding 79.14 baskets of paddy per acre.

Daw Su Su Htwe, Head of Homalin Township Agriculture Department said: "Local farmers grew more than 63,000 acres of monsoon paddy in Homalin Township. So far, they have reaped over 61,000 acres of paddy. Our department helped local farmers with necessary technology and quality strains of crops. Moreover, we made field trips to inspect timely cultivation of monsoon paddy."

Officials of the township Agriculture Department cooperated with local farmers in successful cultivation of monsoon paddy without any difficulties.

Moreover, officials of the department share agricultural techniques with local farmers in addition to prevention of pests, minimizing loss and waste of crops and keeping crops under shelter in time.

Agricultural staff joined hands with local farmers in selecting quality seeds, preventing pests, weeding paddy plantations, removing different strains of crops and systematically using fertilizers.

**SMK**

## Cultivation of more than 15,000 acres of winter oilseed finishes in Kyaukse Township

KYAUKSE February 12

The Township Agriculture Department has reported that oilseed crops are being expanded in Kyaukse Township, Kyaukse District of Mandalay Region. As of now, 15,711 acres of winter oilseed crops have been planted.

For the cultivation of winter oilseed crops, 297 acres of peanuts were initially planned, but local farmers have already planted 299 acres, surpassing the target by two acres. Additionally, 5,135 acres of sesame crops were designated for planting, but farmers planted 5,138 acres, exceeding the target by three acres. Similarly, 10,273 acres of sunflowers were earmarked for planting, and 10,274 acres were planted, exceeding the target by one acre, according to the Township Agriculture Department.

The Township Agriculture Department is working with relevant departments and farmers to expand the cultivation of oilseed crops, ensure a sufficient oilseed supply in the region, and provide regular access to water for cultivation. Additionally, systematic cultivation methods are being distributed to local farmers.



**SK**

## Cultivation of more than 2,000 acres of kenaf finishes in Wakema Township

WAKEMA February 12

A total of 2,500 acres of kenaf plants have been grown in Wakema Township of Ayeyawady Region this cold season of 2025, said Daw Khin Htay Myint, Head of Myaungmya District Department of Agriculture.

Local authorities earmarked cultivation of 2,500 acres of kenaf as cold season crops this year. So, local farmers placed all 2,500 acres of land under kenaf at 100 percent starting from November 2024.

Daw Khin Htay Myint explained: "Now, local farmers have met a target cultivation of kenaf on 2,500 acres of land. They used seeds of kenaf in the plantations. Parts of these plants will be used as natural fertilizers at the monsoon crop plantations. Thanks to natural fertilizers of kenaf, paddy plants have higher effects of fertile soil and lesser unacceptable soil bacteria. Moreover, it contributes to lesser environmental impacts."

Officials from Department of Agriculture, Administration Body, Department of Agricultural Mechanization, agricultural companies and organizations as well as Department of Irrigation and Water Utilization Management join hands with local farmers in growing kenaf which can produce one to three baskets of chemical fertilizers with content of nitrogen.

**SK**

## More than 70,000 baskets of 90-day paddy sent to Yangon market

KYONPYAW February 12

Local merchants from Kyonpyaw Township of Ayeyawady Region sold 73,000 baskets of 90-day paddy to Yangon market said Daw Myat Myat Thu, the rice and paddy wholesale trader in Kyonpyaw Township.

Daw Myat Myat Thu explained: "Yangon market raised demand to purchase 90day paddy from Kyonpyaw in the first week of December last year. So, merchants sent 73,000 baskets of paddy in December. Demand is high from Yangon to purchase paddy and rice from Ayeyawady Region. Merchants from Yangon buy remnant monsoon paddy from the region."

High demand of Yangon market to purchase paddy from Kyonpyaw Township help local farmers and those in production chain to be convenient in their livelihoods.

**SMK**

# Ukraine selling US weapons to Mexican drug cartels – Tucker Carlson

KIEV February 12

A significant portion of the weapons Washington has provided to Kiev as military aid in its conflict with Russia ends up in the hands of America's "actual enemies," including Mexican drug cartels, US journalist Tucker Carlson has claimed.

Up to half of the weapons sent by the US to Ukraine end up on international black markets, the former Fox News host said on Monday during an interview with retired US Army Lieutenant Colonel and Iraq and Afghanistan veteran Daniel Davis.

"The Ukrainian military is selling a huge percentage – up to half – of the arms that we send them. I know this for a fact," Carlson claimed, without disclosing his sources or providing specific evidence.

Carlson said Washington is providing Kiev with "hundreds of billions of dollars" worth of arms, a significant portion of which is being "stolen and sold to our actual enemies," including "drug cartels on our border." He also claimed that weapons from Ukraine can easily be purchased online, describing the situation as a "crime" and a "nightmare."

Since 2022, the US Congress has authorized approximately US$-175 billion in aid for Ukraine. However, a large portion of that funding has reportedly been allocated to American industries and other US government activities related to the conflict.In January, US President Donald Trump claimed that Washington had spent "US$-200 billion more than the EU" on aid to Kiev. Ukrainian leader Vladimir Zelensky later stated that Kiev had received just over US$-75 billion in military and other forms of assistance from Washington, adding that he had no idea where Trump's estimate of US$-200 billion originated or where it could have vanished.

Moscow has warned that the unchecked supply of Western weapons to Ukraine has led to a large number of arms falling into the hands of organized criminal groups and extremists worldwide.

Western media outlets and officials have also acknowledged that weapons supplied to Kiev have ended up in criminal hands. In April 2022, Europol reported that its investigations indicated weapons were being trafficked out of Ukraine and into the EU to supply organized crime groups.

In October 2022, the Finnish authorities stated that weapons originally sent to Kiev had surfaced in the country and were acquired by local criminals. At the time, similar reports emerged from Sweden, Denmark, and the Netherlands.

In June 2023, Israeli Prime Minister Benjamin Netanyahu said Western anti-tank weapons intended for Ukraine had been found on Israel's border, to be used against the Jewish state.

In June 2024, Spanish media reported that criminal gangs in southern Spain had obtained modern military-grade weapons allegedly smuggled from Ukraine.

**RT**

# Russia scores huge geopolitical Triumph with Sudan Base

MOSCOW February 12

Sudan and Russia have agreed "on everything" regarding the creation of a Russian naval base, Sudanese Foreign Minister Ali Youssef said on February 12.

"We have reached an understanding on this issue.... We agreed and agreed on everything," Youssef told a briefing following talks with Russian Foreign Minister Sergey Lavrov.

Russia is prepared to work alongside international partners to help restore stability in Sudan, Lavrov said during the meeting with his Sudanese counterpart. Lavrov also said that the full resumption of bilateral cooperation depends on security conditions in Sudan.

Youssef, in Russia on a three-day official visit, noted that his country values Moscow's solidarity during "a serious war between the [Sudanese] army and the Rapid Support Forces [RSF]."

**Sputnik**




# Trump administration secures release of American teacher detained by Russia

WASHINGTON February 12

The administration of U.S. President Donald Trump on Tuesday secured the release of Marc Fogel, an American teacher detained by Russia.

U.S. National Security Advisor Mike Waltz said in a statement that Fogel was flown out of Russian airspace after "an exchange" was successfully negotiated with Russia through the effort made on the U.S. side by Steve Witkoff, Trump's Middle East envoy, and the president's other advisors. Fogel was accompanied by Witkoff, who was in Russia to finish off the exchange.

Offering little detail about the deal, the statement did not mention what and how many persons were given to the Russian side by the United States to swap Fogel out of Russia, saying only that the exchange "serves as a show of good faith from the Russians and a sign we are moving in the right direction to end the brutal and terrible war in Ukraine."

"By tonight, Marc Fogel will be on American soil and reunited with his family and loved ones," the statement said.

"We were treated very nicely by Russia, actually," Trump said in the Oval Office later Tuesday. "I hope that's the beginning of a relationship where we can end that war and millions of people can stop being killed."

The president said he will meet with Fogel at the White House around 10 p.m. Tuesday Eastern Time.

According to a previous report by CNN, Fogel, 61, had worked for nearly a decade as a history teacher at the Anglo-American School in Moscow, where children of U.S. diplomats were among his students.

**Xinhua**

# Pentagon chief casts doubt on Ukraine's NATO gamble as peace talks loom

WASHINGTON February 12

The United States holds the view that Ukraine's NATO membership is not a feasible outcome of any potential negotiation with Russia, US Secretary of Defence Pete Hegseth said on Wednesday.

"The United States does not believe that NATO membership for Ukraine is a realistic outcome of a negotiated settlement," Hegseth said during a Ukraine Defence Contact Group meeting.

The idea of returning to Ukraine's pre-2014 borders is unrealistic and pursuing this goal will only cause more suffering, Hegseth said.

"We want, like you, a sovereign and prosperous Ukraine, but we must start by recognizing that returning to Ukraine's pre-2014 borders is an unrealistic objective. Chasing this illusionary goal will only prolong the war and cause more suffering," Hegseth said.

**Sputnik**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win attends ceremony to hoist and salute the state flag to honour the 78th Anniversary Union Day





Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win reads out the Union Day message sent by Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

NAY PYI TAW February 12

A ceremony to hoist and salute the state flag to honour the 78th Anniversary Union Day (2025) was held at the square in front of the city hall in Nay Pyi Taw this morning.Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win attended the ceremony and read out the message sent by Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

The 78th Anniversary Union Day was held with the five objectives -- To strive for the perpetual development of the Union through the Union spirit, patriotic values, a sublime state of mind and a genuine nationalist spirit; To encourage collaborative efforts among all ethnic nationals to pursue dialogue for durable peace and to end armed conflicts; To collectively advance cooperation amongst all national people, the government, and Tatmadaw to ensure stability, peace and the rule of law; To enhance collaborative efforts to ensure nationwide stability and tranquillity, enabling the successful conduct of multi-party democratic general elections; and To promote equitable development across all regions and states, as well as enhance health, education and job opportunities for ethnic nationals.

The State Flag hoisting ceremony was held at 5.30 am. The flag-hoisting troop hoisted the flag of the Republic of the Union of Myanmar together with ethnic people.

Departmental personnel, social organization members, national races, and invited guests, who would attend the ceremony and salute the State Flag, began their march to the venue at 5 am and took positions.

At 7 am, Tatmadaw (Army, Navy and Air) Guard of Honour took position at the venue.

The Vice-Senior General took the position on the dais and salute of the Guard of Honour.

The Vice-Senior General and attendees saluted the State flag while the Guard of Honour played the national anthem.

He read the message sent by the Senior General to the 78th Anniversary of Union Day. The ceremony then concluded.

Also present at the ceremony were union ministers, union auditor-general, the chair of Union Civil Service Board, the Nay Pyi Taw Council chair, the governor of Central Bank of Myanmar, the Anti-Corruption Commission chair, the Myanmar National Human Rights Commission chair, senior military officers, judges of the Supreme Court of the Union, members of Constitutional Tribunal of Myanmar, Union election Commission members, deputy ministers, Anti-Corruption Commission members, Myanmar National Human Rights Commission members, Nay Pyi Taw Council members, heads of department, ministry staff, ethnic cultural dance troupes, ethnic representatives, and invited guests. 100



Ceremony to hoist and salute the State Flag in progress.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ၊ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်နွှဲပျော်ကြသည့် ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများဖြင့်စည်ကားလျက်ရှိ













**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် ပွဲတော်၏ တတိယနေ့သို့ ရောက်ရှိလာခဲ့သည့်အပြင်ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတွက် စည်းလုံးညီညွတ်မှုအနှစ်သာရများဖြင့် ပြည့်စုံလှသည့် ပြည်ထောင်စုနေ့ အခါသမယနှင့် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့်အတွက် ယခင်ရက်များနှင့်မတူ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျင်းပသည့် ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တဖွဲဖွဲလာရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလည်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်ရန်အတွက် ပွဲတော်ဝင်ပေါက်နေရာများတွင် လုံခြုံရေးအရ စစ်ဆေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

ယနေ့ပြပွဲ၏ ထူးခြားမှုအနေဖြင့် ပွဲတော်အတွင်းပြသထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ရိုးရာအစားအသောက်များ၊ အထင်ကရနေရာ ပြခန်း၊ ပြကွက်များကို အသိပညာ ဗဟုသုတရရှိစေရန် လာရောက်လေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာ လာရောက် လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

အဆိုပါ လုပ်ငန်းရှင်များအား ပြခန်း အလိုက် တာဝန်ရှိသူများက MSME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်း အချက်အလက်နှင့်နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက် များသို့ မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများ အလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင် မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်း များအလိုက် ကြုံတွေ့ရမည့်အခက်အခဲ များနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ထုတ်ကုန် များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူ များ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်လာနိုင်တော့ မည်လည်းဖြစ်သည်။ **စာမျက်နှာ ၂၃ သို့** ❑

❑ စာမျက်နှာ ၂၂ မှအဆက်

အလားတူ နိုင်ငံတော်တွင် လိုအပ်နေသည့် MSME ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေလူငယ်များ စက်မှုနှင့်သက်မွေးပညာကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေသည့်အချိန်တွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်းကျောင်း ပြခန်းဖွင့်လှစ်ပြသပေးလျက်ရှိရာ စက်မှုနှင့်သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာ လာရောက်လေ့လာကြပြီး တာဝန်ရှိသူများက သင်တန်းကျောင်းတွင် သင်ကြားပေးလျက်ရှိသည့် အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ကြသည်။



ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့်တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့်မျိုးချစ်စိတ်နှင့်ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့်သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့်အတွက် ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာ ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့်အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ လုံခြုံရေးစစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ မိဘပြည်သူများ လာရောက်အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း– အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**

# ပွင့်ဖြူမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခု နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ဒေသတွင်းရှိတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံ နှမ်းဧကနှစ်သောင်းကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေရဲ့လိုအပ်ချက်တွေကို ကူညီဆောင်ရွက်ပေးမှာပါ" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ နွေနှမ်းစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ မဲဇလီရေလွှဲဆည်မှ ဆည်ရေများဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဆီထွက်သီးနှံ နှမ်းကို ပန်းတိုင်ရည်မှန်းချက်များအတိုင်း အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**


## ၁၂-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပူတာအို | (၀.၀၄)လက်မ |
| မချမ်းဘော | (၀.၀၄)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂°C |
| ဟားခါး | ၄.၅°C |
| တီးတိန် | ၅.၆°C |
| လွိုင်လင် | ၅.၆°C |
| မိုင်းယန်း | ၆°C |
| မင်းကင်း | ၆.၇°C |
| ဟဲဟိုး | ၆.၇°C |
| ပြင်ဦးလွင် | ၇.၂°C |
| ကလေးဝ | ၈.၉°C |
| ပင်လောင်း | ၉.၂°C |
| မော်လိုက် | ၉.၈°C |
| ပူတာအို | ၁၀.၂°C |
| မြစ်ကြီးနား | ၁၀.၂°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၀ |
| ရှမ်း(မြောက်) | ၈ | ၂၉ |
| ရှမ်း(အရှေ့) | ၉ | ၃၀ |
| ရှမ်း(တောင်) | ၇ | ၂၇ |
| ချင်း | ၃ | ၂၃ |
| စစ်ကိုင်း(အထက်) | ၉ | ၃၁ |
| စစ်ကိုင်း(အောက်) | ၁၃ | ၃၅ |
| နေပြည်တော် | ၁၅ | ၃၃ |
| မန္တလေး | ၁၇ | ၃၅ |
| မကွေး | ၁၂ | ၃၅ |
| ရခိုင် | ၁၁ | ၃၀ |
| ပဲခူး | ၁၆ | ၃၅ |
| ရန်ကုန် | ၁၈ | ၃၄ |
| ဧရာဝတီ | ၁၅ | ၃၅ |
| ကယား | ၁၀ | ၂၈ |
| ကရင် | ၁၉ | ၃၆ |
| မွန် | ၁၉ | ၃၄ |
| တနင်္သာရီ | ၁၉ | ၃၄ |

# နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရဲ့ ဒေသအသီးသီးရဲ့ထုတ်ကုန်တွေကို တစ်နေရာထဲမှာ တစုတစည်း ပြသယှဉ်ပြိုင်ရောင်းချခွင့်ရတဲ့အတွက် လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်လုပ်ငန်းနဲ့ပတ်သက်တဲ့ နည်းပညာအတွေ့အကြုံအသိပညာတွေကိုရရှိပါတယ်။

ဦးတင်ဦး

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ အဆိုပါပြပွဲပြိုင်ပွဲမှ တာဝန်ရှိသူများအား ဖွင့်လှစ်ရောင်းချဆောင်ရွက်ပေးနေမှုများအား မေးမြန်းခဲ့ရာ–


ဦးရဲမြင့်


ဦးအောင်သူ


ဦးတင်ဦး


ဦးမောင်မောင်ဦး

**ဦးရဲမြင့်၊ ညွှန်ကြားရေးမှူး (ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ဧရာဝတီတိုင်းဒေသကြီးပြခန်းမှာ တာဝန်ခံဖြစ်ပြီး နိုင်ငံတော်ကနေပြီး ပြည်နယ်နှင့်တိုင်းအသီးသီးမှာရှိတဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်လျက်ရှိရာမှာ ဧရာဝတီတိုင်းကိုယ်စားပြုအနေနဲ့ ပြသယှဉ်ပြိုင်ရောင်းချရတဲ့အတွက် အကျိုးကျေးဇူးအများကြီးရှိပါတယ်။ ပြည်ထောင်စုMSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လုပ်ငန်းရှင် ၃၁ ဦးကနေပြီး ပစ္စည်းအမျိုးပေါင်း ၃၁ မျိုးခင်းကျင်းပြသထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ခရိုင် ရှစ်ခရိုင်မှထွက်တဲ့ ကုန်ကြမ်းအမျိုးအစားတွေသုံးတဲ့လုပ်ငန်းများ ထင်ပေါ်ကျော်ကြားတဲ့ လုပ်ငန်းတွေကိုစုစည်းပြီး လာရောက်ပြသရောင်းချခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲလုပ်ပေးခြင်းအားဖြင့် ပြည်နယ်၊ တိုင်းအသီးသီးမှ MSME လုပ်ငန်းရှင်များအနေနဲ့ အခြားပြည်နယ်၊ တိုင်းကလုပ်ငန်းဆောင်ရွက်မှုတွေကို လေ့လာလို့ရတယ်။ အချင်းချင်းလည်း ပေါင်းစပ်ပြီးလုပ်ငန်းများအောင်မြင်တိုးတက်ရေးအတွက်ဆောင်ရွက်နိုင်လို့ အောင်မြင်တိုးတက်မယ်လို့ယူဆပါတယ်။ နိုင်ငံတော်ကနေပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**ဦးအောင်သူ၊ ညွှန်ကြားရေးမှူး (ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကချင်ပြည်နယ်ကိုယ်စားပြုပြခန်းမှာက တာဝန်ခံပြီး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြိုင်ပွဲလေးမျိုးယှဉ်ပြိုင်ရာမှာ အသေးစားမှာ လုပ်ငန်းရှင်သုံးဦး၊ အငယ်စားမှာ လုပ်ငန်းရှင်နှစ်ဦး၊ အလတ်စားမှာနှစ်ဦး၊ OROP မှာလုပ်ငန်းရှင်နှစ်ဦး စုစုပေါင်းလုပ်ငန်းရှင်ကိုးဦးပါဝင်ယှဉ်ပြိုင်ပါတယ်။ ပြောရရင်တော့ ဒီပွဲက မနှစ်တုန်းကလည်းလုပ်တယ်။ မနှစ်တုန်းကတော့ MSME ထုတ်ကုန် အရောင်းပြပွဲပေါ့။ ဒီနှစ်ကျတော့ MSME ထုတ်ကုန်အရောင်းပြပွဲတင်မဟုတ်ဘဲ ပြိုင်ပွဲပါ ပါလာတယ်။ ဒီနှစ်လုပ်တာ ရည်ရွယ်ချက်ခြောက်ခုပါ။ ရည်ရွယ်ချက်ကလည်း သိပ်ကောင်းပါတယ်။ MSME လုပ်ငန်းတွေ ပြည်နယ်နှင့်တိုင်းအလိုက် အချင်းချင်း ချိတ်ဆက်နိုင်တယ်။ ပူးပေါင်းဆောင်ရွက်မှုတစ်ဖက်နဲ့တစ်ဖက် အားနည်းချက်၊ အားသာချက်တွေကို အပြန်အလှန်ဖလှယ်နိုင်တယ်။ ဒါကသူ့ရဲ့ရည်ရွယ်ချက်တစ်ခု၊ နောက်ရည်ရွယ်ချက်နှစ်ခုအနေနဲ့ကျတော့ ကိုယ်ထုတ်လိုက်တဲ့ပစ္စည်းက ဈေးနှုန်းတူနေရင်တောင် ပစ္စည်းက အရည်အသွေးကောင်းရမယ်။ ပစ္စည်းချင်းတူနေရင် အရည်အသွေး ပိုကောင်းရမယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီလုပ်တာဖြစ်တဲ့အတွက် ယှဉ်ပြိုင်မှုအနေနဲ့ အပြိုင်အဆိုင်ဖြစ်လာတာပေါ့။ နောက်တစ်ချက်အနေနဲ့က ကျွန်တော်တို့က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် One Region One Product ပေါ့။ OROP ဆိုတဲ့အစီအမံတွေရှိတယ်။ ဒီအစီအမံတွေက ပိုမိုပြီးတော့ အောင်မြင်လာအောင် အားစိုက်ပြီးဆောင်ရွက်ရန်ဆိုတဲ့ရည်ရွယ်ချက်ကလည်းပါလာတယ်။ ထုတ်ကုန်တွေကို ဝန်ဆောင်မှုအနေနဲ့စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းအားဖြင့် MSME လုပ်ငန်းရှင်တွေရဲ့ ရေရှည်ရှင်သန်ဖို့အတွက်အများကြီးအထောက်အကူပြုတယ်။ ဒီရည်ရွယ်ချက်ကလည်းကောင်းတယ်။ နောက်တစ်ခုက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ပိုမိုချိတ်ဆက်ဆောင်ရွက်လာနိုင်တယ်။ လုပ်ငန်းရှင်တွေ တိုးတက်မှ၊ လုပ်ငန်းရှင်တွေအဆင်ပြေမှ ပြည်သူတွေ အဆင်ပြေမယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေ လုပ်ပေးတာ အင်မတန်ကောင်းပါတယ်။ နောင်နှစ်တွေမှာလည်း ယခုလို နှစ်စဉ် နှစ်စဉ် ပွဲတွေဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးတင်ဦး (ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး)**

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီးတော့ အခုလို ပြည်ထောင်စုနေ့ အခမ်းအနားနဲ့ဆက်စပ်ပြီးတော့ ပြည်ထောင်စုနေ့ MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို နေပြည်တော်ရှိဥပ္ပါတသန္တိစေတီအနီး တပေါင်းကွင်းမှာ ဖေဖော်ဝါရီလ ၁၀ ရက်ကနေ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး စီမံဆောင်ရွက်တဲ့နေရာမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့ ပဲခူးတိုင်းဒေသကြီးကထွက်ရှိတဲ့ MSME လုပ်ငန်းတွေကို လာရောက်ပြီးတော့ စုံစုံညီညီ ခမ်းနားစွာခင်းကျင်းပြသရောင်းချနေသလို ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီးကို ကိုယ်စားပြုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကထွက်ရှိတဲ့ ကုန်ကြမ်းကိုအခြေခံတဲ့ ထုတ်ကုန်တွေ၊ ပြည်တွင်းကုန်ကြမ်းကိုအခြေခံပြီး ထုတ်တဲ့ထုတ်ကုန်တွေ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လုပ်ငန်းတွေ၊ နောက်သွင်းကုန်အစားထိုးတန်ဖိုးမြင့်ပစ္စည်းတွေနဲ့ ပြည်ပပို့ကုန်ပစ္စည်းဆိုပြီးတော့ အမျိုးအစားနဲ့ အမယ်ပေါင်း ၆၅ မျိုးမှာ ပစ္စည်းအရေအတွက် ၆၇၈ မျိုးကို လုပ်ငန်းရှင် ၈၉ ဦးက အခု ခင်းကျင်းပြသရောင်းချဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြိုင်ပွဲတွေအနေနဲ့တော့ အသေးစား၊ အငယ်စား၊ အလတ်စားဆိုပြီးတော့ သုံးမျိုးကို လုပ်ငန်းအလိုက်မှာလည်း တစ်ခုကို နှစ်ဦးနှုန်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ထားပါတယ်။ OROP ယှဉ်ပြိုင်မှုမှာလည်းဒေသရဲ့ နာမည်ကြီး ရိုးရာမောင်အထည်လုပ်ငန်းရဲ့ လိုက်ဟောက်ကော်ဖီတို့ဝင်ရောက်ယှဉ်ပြိုင်ထားပါတယ်။ နိုင်ငံရဲ့စီးပွားရေးအချိန်တိုအတွင်းမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ MSME လုပ်ငန်းတွေ အဓိကမောင်းတင်ရမှာဖြစ်တဲ့အတွက်နိုင်ငံစီးပွားတိုးတက်ရေးနဲ့ပြည်သူတွေရဲ့ လူမှုစီးပွားတိုးတက်ရေးတို့အတွက်ကို MSME မောင်းနှင်အားဖြစ်တဲ့ဈေးကွက်က အရေးပါပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ကလည်း MSME လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ကို ဘက်စုံပေါင်းစုံကနေ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထုတ်ကုန်လုပ်ငန်းတစ်ခု ရေရှည်ရပ်တည်နိုင်ဖို့၊ ဈေးကွက်အခိုင်အမာရရှိဖို့လိုပါတယ်။ ပြည်တွင်းပြည်ပဈေးကွက်ကို ထိုးဖောက်ချဲ့ထွင်နိုင်ဖို့လိုပါတယ်။အခုဆို နေပြည်တော်ကောင်စီအပါအဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရဲ့ ဒေသအသီးသီးရဲ့ထုတ်ကုန်တွေကို တစ်နေရာထဲမှာ တစုတစည်း ပြသယှဉ်ပြိုင်ရောင်းချခွင့်ရတဲ့အတွက် လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်လုပ်ငန်းနဲ့ပတ်သက်တဲ့ နည်းပညာအတွေ့အကြုံအသိပညာတွေကိုရရှိပါတယ်၊ ထူးခြားချက်ကတော့ ထုတ်ကုန်စီးပွားရေးလုပ်ငန်းရှင်များအတွက် နိုင်ငံစီးပွားချိတ်ဆက်ရေးပြခန်းက နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ထုတ်ကုန်လုပ်ငန်းရှင်တွေကို ချိတ်ဆက်ပြီး ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ထုတ်ကုန်လုပ်ငန်းရှင်တွေက ထုတ်လုပ်ထားတဲ့ စားသောက်ကုန်ထုတ်လုပ်ငန်း၊ လက်မှုကုန်ထုတ်လုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ သစ်အခြေခံလက်မှုလုပ်ငန်းနှင့် ဒေသရိုးရာအစားအစာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးလျက်ရှိပါတယ်။ လာရောက်လေ့လာကြည့်ရှုပြီး ဝယ်ယူအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးမောင်မောင်ဦး၊ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး(မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများ အသင်း ဥက္ကဋ္ဌ)**

MSME ပြပွဲပြိုင်ပွဲ တိုင်းရင်းဆေးကဏ္ဍအနေနဲ့ပြခန်းမှာလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းက ၁၃ ဦး၊ မန္တလေးတိုင်းက လေးဦး၊ နေပြည်တော်က တစ်ဦး၊ ရှမ်းပြည်နယ်က တစ်ဦး၊ ဧရာဝတီတိုင်းက တစ်ဦးနဲ့ စစ်ကိုင်းတိုင်းက တစ်ဦး အားလုံးပေါင်းလုပ်ငန်း ၂၀ ပါရှိပါတယ်။ အခုလို MSME ပြပွဲပြိုင်ပွဲတွေ ပြုလုပ်ပေးတာဟာ အင်မတန်ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ နိုင်ငံတွေဟာ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် MSME လုပ်ငန်းတွေ ရှင်သန်တိုးတက်ဖို့အရေးကြီးပါတယ်။ ကမ္ဘာမှာ နိုင်ငံတိုင်းမဖြစ်မနေဖြတ်သန်းရတဲ့ အခြေအနေပါ။ MSME ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပေါင်းစုံနဲ့စောင့်ရှောက်ပေးတဲ့အခါ MSME နိုင်ငံတော်အဆင့်ပြပွဲကြီးကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြပွဲကို အခုလိုဆောင်ရွက်ပေးတဲ့အကြီးအကဲများကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပဲဖြစ်ဖြစ်၊ အင်္ဂလိပ်ဆေးပဲဖြစ်ဖြစ် ပြည်သူလူထုကိုအကျိုးပြုနိုင်ရင် သူ့ဟာနဲ့သူအောင်မြင်တာပါ။ တိုင်းရင်းဆေးကပြည်သူလူထုရဲ့ယုံကြည်ကိုးစားမှုကိုရရှိထားတဲ့ဆေးအမျိုးအစားဖြစ်ပါတယ်။ ယခုအခါမှာဆိုရင် မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်မှုနှင့်ပတ်သက်လို့ အစွမ်းထက်တဲ့၊ ပိုပြီးစိတ်ချရတဲ့တိုင်းရင်းဆေးတွေကို ထုတ်လုပ်လာနိုင်ပြီဖြစ်ပါတယ်။ ဒီပြခန်းထဲမှာဆိုရင် တိုင်းရင်းဆေးထုတ်လုပ်ပုံတွေကို ဗွီနိုင်းကားချပ်ကြီးတွေနဲ့ ပြသထားပါတယ်။ ပြည်ထောင်စု MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို ဆောင်ရွက်တဲ့အခါမှာ ပြည်သူများက ကြွရောက်ပြီး အားပေးကြပါ။ လေ့လာကြပါ။ တိုင်းရင်းဆေးတင်မကဘဲ တိုင်းရင်းဆေးအပါအဝင် ပြည်တွင်းမှာထွက်ရှိတဲ့ထုတ်ကုန်ပစ္စည်းများကိုအရည်အသွေးကောင်းကောင်းနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ထုတ်ကုန်ပစ္စည်းတချို့တွေဆိုရင် နိုင်ငံခြားကလာတယ်လို့တောင်ထင်ရပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ ထုတ်လုပ်ထားတယ်ဆိုတာကို ဂုဏ်ယူစွာတွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီမှာဈေးချိုစွာနဲ့ ရောင်းချပေးနေပါတယ်။ တော်တော်လေးဈေးချိုတဲ့နှုန်းထားကိုချပြီးရောင်းနေပါတယ်။ ဒီအတွက်ကြောင့်မို့လို့ သက်သာသောပစ္စည်းများကိုဝယ်ယူရရှိနိုင်သည့်အတွက် ပြည်သူများအနေဖြင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကိုကြွရောက်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။

သက်နိုင်ဝင်း၊ စည်သူ(မြဝတီ)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတစ်လတာကာလအတွင်း ငါးသလောက်ပိဿာ ၈၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလတစ်လတာကာလအတွင်း ငါးသလောက် ပိဿာ ၈၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်လဲ့လဲ့၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ငါးသလောက် ပိဿာ ၆၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ ငါးသလောက် ပိဿာ ၈၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ငါးသလောက်ကို အဓိကရောင်းချရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလတစ်လတာကာလအတွင်း ငါးသလောက်ပိဿာ ၈၀၀၀၀ အထိတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဒေါ်လဲ့လဲ့ကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေး၊ အလတ်၊ အကြီး အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

သုတကျော်

# ညောင်ဦးမြို့နယ်၌ စက်ရုံ အလုပ်ရုံများနှင့် သိုလှောင်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေး



ညောင်ဦး ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် သိုလှောင်ရုံ လုပ်ငန်းခွင်များ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဖေဖော်ဝါရီလ ၁၁ ရက်က ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သက်နိုင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဦးကာစင် ဘက်ထရီအက်စစ် ကွန်ပေါင်းသိုလှောင်ရုံလုပ်ငန်းခွင်သို့ သွားရောက်ပြီး လုပ်ငန်းရှင်နှင့် ဝန်ထမ်းများကိုတွေ့ဆုံကာ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျလုပ်ကိုင်ကြရန်၊ မီးဘေးလုံခြုံရေး မီးသတ်ဆေးဘူးနှင့် အပေါ့စားမီးငြိမ်းသတ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိရန်၊ မီးဘေးအန္တရာယ်ကြုံလာပါက လွယ်လင့်တကူ ရေရယူသုံးစွဲနိုင်ရန်အတွက် ရေလှောင်ကန်များတွင် ရေအပြည့်ဖြည့်တင်းထားရှိရန် စသည့် မီးဘေးလုံခြုံရေးဆောင်ရွက်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဘက်ထရီအက်စစ်ကွန်ပေါင်းသိုလှောင်ရုံအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျတပ်ဆင်ထားခြင်း ရှိ/မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု ရှိ/ မရှိ၊ မီးဘေးကာကွယ်ရေးသုံး ပစ္စည်းများ ပြည့်စုံမှု ရှိ/မရှိ၊ မီးသတ်ယာဉ်များ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်မှု ရှိ/မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်၌ မီးလောင်လွယ်သောပစ္စည်းများ စနစ်တကျ သိုလှောင်သိမ်းဆည်းထားရှိရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျားဝင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျားဝင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၆၉၅ ပေ၊ အကျယ် ၈ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်လွင်

# စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်က စစ်ကိုင်းမြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း (မင်းလမ်း)၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတနှင့်ပြည့်စုံစေရန် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ပျိုးထောင်ကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့်အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ စသည့်သိကောင်းစရာများကိုဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ယင်းနောက် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

# နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခြိမ်းခြောက်မှုခံရမည်မဟုတ်ဟု ရုရှားပြော



**မော်စကို၊ စစ်ရေး**

ယူကရိန်းပဋိပက္ခပြီးဆုံးသွားပါက နေတိုးအဖွဲ့ဝင်နိုင်ငံများမှာ ရုရှားနိုင်ငံ၏ခြိမ်းခြောက်မှုကို ခံရမည်မဟုတ်ဟု ရုရှားအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြောကြားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံ၏ခြိမ်းခြောက်မှုကို ခံရမည်ဟူသော ဒိန်းမတ်နိုင်ငံ၏ပြောဆိုချက်သည် ယင်းနိုင်ငံပြည်သူများ၏အခွန်ငွေကြေးများကို အသုံးပြု၍ စစ်အသုံးစရိတ် တိုးမြှင့်ရေးအတွက် အကြောင်းပြချက်ပြခြင်းသာဖြစ်ပြီး ရုရှားအနေဖြင့် နေတိုးအဖွဲ့ဝင်နိုင်ငံများအပေါ် မည်သည့်အခါမျှ ခြိမ်းခြောက်ခဲ့ခြင်းမရှိကြောင်း ဒီမီထရီပက်စကော့က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

ယူကရိန်း လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ပြီးနောက် ၅ နှစ်အတွင်းမှာပင် ရုရှားနိုင်ငံက ဥရောပတွင် အကြီးစားစစ်ပွဲတစ်ရပ်ဆင်နွှဲရန် အသင့်ဖြစ်နေဖွယ်ရှိကြောင်း ဒိန်းမတ်စစ်ဘက်ထောက်လှမ်းရေးအဖွဲ့က အစောပိုင်းတွင်ပြောကြားပြီးနောက် ရုရှားအစိုးရ၏တုံ့ပြန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲဆင်နွှဲနေစဉ် တစ်ချိန်တည်းမှာပင် အခြားနေတိုးအဖွဲ့ဝင်နိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် စစ်ပွဲဆင်နွှဲနိုင်မည်မဟုတ်ဟု ဒိန်းမတ်စစ်ဘက်ထောက်လှမ်းရေးအဖွဲ့က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Tass, Dpa

# အမေရိကန်နိုင်ငံသားကို ပြန်လွှတ်ပေးရန် ရုရှား၏သဘောတူခဲ့ခြင်းက နှစ်နိုင်ငံကြား ကောင်းမွန်သောဆက်ဆံရေး၏အစဖြစ်လာမည်ဟု ထရမ့်မျှော်လင့်

**ဝါရှင်တန်၊ နိုင်ငံရေး**

ရုရှားနိုင်ငံက ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးရန် သဘောတူခဲ့ခြင်းသည် နှစ်နိုင်ငံကြား ကောင်းမွန်သောဆက်ဆံရေး၏အစဖြစ်လာမည်ဟု မျှော်လင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း မူးယစ်ဆေးဝါးတရားမဝင်ကုန်ကူးမှုနှင့် လက်ဝယ်ထားရှိမှုတို့ဖြင့် ထောင်ဒဏ် ၁၄ နှစ်ကျခံနေရသည့် အမေရိကန်နိုင်ငံသား မာ့ဖိုဂျယ်အား နှစ်နိုင်ငံကြား ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ရုရှားအစိုးရ၏ အဆိုပါလုပ်ဆောင်ချက်သည် အလွန်မျှတမှုရှိပြီး လက်တွေ့ဆန်သည့် သဘောတူညီချက်ဖြစ်ကြောင်း ထရမ့်ကပြောသည်။ နောက်ပိုင်းတွင် ထရမ့်သည် ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မာ့ဖိုဂျယ်အား သွားရောက်တွေ့ဆုံခဲ့ပြီး ယင်းတွေ့ဆုံမှုတွင် မာ့ဖိုဂျယ်က



ရုရှားသမ္မတ ဗလာဒီမာပူတင်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

မာ့ဖိုဂျယ်သည် မော်စကိုမြို့ရှိ အန်ဂလို-အမေရိကန်စာသင်ကျောင်းတစ်ကျောင်းတွင် ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခင်က ရုရှားနိုင်ငံရှိအမေရိကန်သံရုံးတွင်လည်း အလုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ ၂၀၂၁ ခုနှစ် မေလတွင် မော်စကိုမြို့ရှိ ရှယ်ရီမက်ယီဗိုလေဆိပ်၌ ရုရှားအာဏာပိုင်များက ၎င်းထံတွင် ဆေးခြောက်များကို တွေ့ရှိခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ ချစ်ကြည်မှုကို တုံ့ပြန်သည့်အနေဖြင့် ထရမ့်နှင့် ၎င်း၏အကြံပေးများက အမေရိကန်ပြည်ထောင်စုတွင် အကျဉ်းကျခံနေရသည့် ရုရှားနိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးရန်သဘောတူညီခဲ့ကြောင်း ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး မိုက်ကယ်ဝေ့ါကပြောကြားခဲ့ကြောင်းသိရသည်။

Ref: Ivt, RT

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### နိုင်ငံအတွင်းအကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်နေသည့်လူတစ်ဦးကို ဆွီဒင်ရဲတပ်ဖွဲ့ဖမ်းဆီးနိုင်ခဲ့

ဆွီဒင်ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်နေသည့် လူတစ်ဦးကို စတော့ဟုမ်းမြို့တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

ဖမ်းဆီးခြင်းခံထားရသူသည် အကြမ်းဖက်တိုက်ခိုက်မှု၊ အကြမ်းဖက်အဖွဲ့အစည်းတွင်ပါဝင်မှု၊ လူသတ်မှုကျူးလွန်ရန်ကြိုးပမ်းမှုနှင့် ဖောက်ခွဲရေးပစ္စည်းများကိုအသုံးပြု၍ တရားဥပဒေကို ချိုးဖောက်မှုတို့ကို ကျူးလွန်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီလ ၁၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့သည် စတော့ဟုမ်းမြို့အတွင်း၌ ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းက စစ်ဆင်မှုတစ်ရပ်လုပ်ဆောင်စဉ် အကြမ်းဖက်တိုက်ခိုက်ရန်ကြိုးပမ်းခဲ့သူအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည့်နေရာများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ရန်ကြိုးပမ်းခဲ့သည်ဟူသော အသေးစိတ်အချက်အလက်များကို ရဲတပ်ဖွဲ့ကထုတ်ပြန်ထားခြင်းမရှိကြောင်းသိရသည်။ Ref: ST

### တရုတ်နိုင်ငံတောင်ပိုင်းတွင် ဘတ်စကားတစ်စီးမီးစွဲလောင်၊ လူခြောက်ဦးသေဆုံး

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ်တွင် ဖေဖော်ဝါရီလ ၁၂ ရက်က ဘတ်စကားတစ်စီး မီးစွဲလောင်ခဲ့ခြင်းကြောင့် လူခြောက်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်သည် ကျောင်းချင်မြို့ ဟွာကျိခရိုင် ချာရှီမြို့နယ်ရှိ အဝေးပြေးလမ်းမပေါ်တွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၀ မိနစ်ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဘတ်စကားမှာ ရုတ်တရက် မီးစွဲလောင်ခြင်းဖြစ်ကြောင်းသိရသည်။

ဒဏ်ရာရရှိသူများအား အာဏာပိုင်အဖွဲ့က ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူစေခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများမှာ စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ဘတ်စကားမီးစွဲလောင်ခြင်းနှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref: Xinhua

### ဆိုမာလီယာ အရှေ့မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းများကို IS စစ်သွေးကြွအဖွဲ့ဝင်ရောက်တိုက်ခိုက်

**မိုဂါဒစ်ရှူး၊ အကြမ်းဖက်တိုက်ခိုက်မှု**

IS စစ်သွေးကြွအဖွဲ့သည် ဆိုမာလီယာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့မှအရာရှိတစ်ဦးက ပြောသည်။

အဆိုပါစစ်သွေးကြွအဖွဲ့သည် ပွန့်လန်းပြည်နယ်ရှိ မကြာသေးမီက သိမ်းပိုက်နိုင်ခဲ့သည့် စစ်အခြေစိုက်စခန်းများအား ဖေဖော်ဝါရီလ ၁၀ ရက်ညပိုင်းက အသေခံကားဗုံးခွဲခြင်းနှင့် မော်တော်ဆိုင်ကယ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ကြောင်း ပြည်နယ်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဖာဒီဂိုက ဖေဖော်ဝါရီလ ၁၁ ရက်တွင်ပြောသည်။

ဆိုမာလီယာရှိ IS စစ်သွေးကြွအဖွဲ့သည် မကြာမီကာလအတွင်း၌ အဆိုပါအကြမ်းဖက်ကွန်ရက်အဖွဲ့၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့ခြင်းကြောင့် ၎င်းအဖွဲ့အား ယခုလအစောပိုင်းတွင် အမေရိကန်က လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်းသိရသည်။

Ref: ST

# အမေရိကန်အစိုးရ၏ လက်နက်ခဲယမ်းအကူအညီထက်ဝက်ခန့်ကို ယူကရိန်းက မှောင်ခိုဈေးကွက်များ၌ ရောင်းချဟုဆို

**ဝါရှင်တန်၊ လက်နက်မှောင်ခို**

အမေရိကန်အစိုးရ၏ လက်နက်ခဲယမ်းအကူအညီများအနက်မှ ထက်ဝက်ခန့်ကို ယူကရိန်းနိုင်ငံက မက္ကဆီကိုမူးယစ်ဂိုဏ်းများအပါအဝင်နိုင်ငံတကာမှောင်ခိုဈေးကွက်များ၌ ရောင်းချခဲ့သည်ဟု အမေရိကန်သတင်းထောက်တစ်ဦးကပြောသည်။

အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံသို့ ဒေါ်လာဘီလီယံ ရာပေါင်းများစွာတန်ဖိုးရှိလက်နက်ခဲယမ်းများကို ထောက်ပံ့ပေးအပ်ခဲ့သော်လည်း ယင်းလက်နက်များအနက်မှ ထက်ဝက်ခန့်မှာ အမေရိကန်အစိုးရ၏ တကယ့်ရန်သူများဖြစ်သည့် မူးယစ်ဆေးဝါးဂိုဏ်းများ၏ လက်အတွင်းသို့ရောက်ရှိသွားကြောင်း အမေရိကန်သတင်းထောက် တက်ခါကာဆန်က အမေရိကန် ကြည်းတပ်မှ အငြိမ်းစားဒုတိယဗိုလ်မှူးကြီးလည်းဖြစ် အီရတ်နှင့်အာဖဂန်စစ်ပြန်လည်းဖြစ်သည့် ဒန်နီယယ်ဒေးဗစ်နှင့် ဖေဖော်ဝါရီလ ၁၀ ရက်က ပြုလုပ်သည့်တွေ့ဆုံဆွေးနွေးပွဲ၌ ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံမှ အမေရိကန်က ထောက်ပံ့ပေးထားသည့် လက်နက်များကို အွန်လိုင်းမှတစ်ဆင့် အလွယ်တကူဝယ်နိုင်ခြင်းမှာ မနှစ်မြို့စရာအခြေအနေများပင်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယူကရိန်းနိုင်ငံမှတရားမဝင်ခိုးထုတ်လာသည့် အဆင့်မြင့်လက်နက်များကို



စပိန်နိုင်ငံတောင်ပိုင်းရှိ ရာဇဝတ်ဂိုဏ်းများက ရယူနိုင်ခဲ့သည်ဟု စပိန်မီဒီယာတစ်ခုက ၂၀၂၄ ခုနှစ် ဖွန်လအတွင်း၌ ဖော်ပြခဲ့သည်။ Ref: RT

# ဘီဆစ်တပ်အသင်းက ဘာစီလိုနာအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဖာတီကို ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံရ



အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၂

တူကီယဲကလပ် ဘီဆစ်တပ်အသင်းက ဘာစီလိုနာအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဖာတီကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဖာတီကိုယ်တိုင်က ပယ်ချပြီး ဘာစီလိုနာအသင်း၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဖာတီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၉ ခုနှစ်က စတင်ပါဝင်ကစားခဲ့သူဖြစ်သည်။ အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ဒုတိယမြောက်ဘောလုံးရာသီတွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီး ကာလရှည်အနားယူနေခဲ့ရပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ဖာတီသည် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာသော်လည်း ပုံမှန်ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဘရိုက်တန်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း ရာသီအကုန်တွင် အငှားစာချုပ်ပြီးဆုံးပြီးနောက် ယခုဘောလုံးရာသီတွင် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သည်။

သို့သော် ဖာတီသည် ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပွဲကစားခွင့်များနည်းပါးခဲ့ပြီး ဘာစီလိုနာအသင်းက ထိုက်သင့်သည့်ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိလျှင် ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း ဖာတီကိုယ်တိုင်က အသင်း၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်အသင်းကလည်း နည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်း ဆိုးလ်ရှားကို ခန့်အပ်ပြီးနောက် အပြောင်းအရွှေ့ဈေးကွက်အတွင်း နည်းပြဆိုးလ်ရှားအလိုရှိသည့် ကစားသမားများကို ခေါ်ယူပေးရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ဖာတီကိုယ်တိုင်က ဘာစီလိုနာအသင်းမှ ထွက်ခွာလိုခြင်းမရှိသေးဘဲ အသင်း၌သာ ပွဲထွက်ခွင့်ပြန်လည်ရရှိရန် ကြိုးပမ်းနေသည့်အတွက် ဘီဆစ်တပ်အသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဂျူဗင်တပ်စ်အသင်းက မန်ယူအသင်းမှ ဇက်ဇီးအပြင် ဟွိုက်လန်းကိုပါ ခေါ်ယူရန်စီစဉ်နေ

ရောမ ဖေဖော်ဝါရီ ၁၂

ဂျူဗင်တပ်စ်အသင်းက လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်းမှ ဇက်ဇီးအပြင် ဟွိုက်လန်းကိုပါ ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် အသင်းတိုက်စစ်ပိုင်းအတွက် ပြီးခဲ့သည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဇက်ဇီးကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ထပ်မံကြိုးပမ်းဖွယ်ရှိနေသည်။

ထို့ပြင် ဂျူဗင်တပ်စ်အသင်းသည် ဇက်ဇီးအပြင် လက်ရှိ မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဟွိုက်လန်းကိုလည်း ခေါ်ယူရန်စီစဉ်နေပြီး ၎င်းတို့နှစ်ဦးမှ တစ်ဦးကို ခေါ်ယူဖွယ်ရှိနေသည်။

ဟွိုက်လန်းနှင့် ဇက်ဇီးတို့သည် အတ္တလန်တာအသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့၌ ကစားစဉ်က အီတလီစီးရီးအေပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ကြသော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်နေရသည့်အတွက် ဂျူဗင်တပ်စ်အသင်းက ၎င်းတို့နှစ်ဦးမှ တစ်ဦးကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;The Athletic*

# ဒေသတွင်းပြိုင်ဘက် ဘရက်အသင်းကို အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရရှိပြီး (၁၆)သင်းရှုံးထွက်အဆင့်တက်ရောက်ရန် ပီအက်စ်ဂျီအသင်း အခြေအနေကောင်းများပိုင်ဆိုင်လျက်ရှိ

ပဲရစ် ဖေဖော်ဝါရီ ၁၂

ချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပွဲစဉ်အဖြစ် ပြင်သစ်ဒေသတွင်းကလပ်အသင်းများဖြစ်သည့် ဘရက်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားရာ ပီအက်စ်ဂျီအသင်းက အဝေးကွင်း၌ ၃ ဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး (၁၆)သင်းရှုံးထွက်အဆင့် တက်ရောက်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်လာခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ၏ပုံစံသစ်အရ အုပ်စုပွဲစဉ်များအပြီးတွင် အဆင့် (၉) နေရာမှ အဆင့် (၂၄) နေရာအတွင်းရှိ အသင်းများအနေဖြင့် Play-off ကစားပြီး အနိုင်ရရှိမှသာ (၁၆) သင်းရှုံးထွက်အဆင့်တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် ဘရက်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့အနေဖြင့် Play-off ကစားရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အဝေးကွင်း၌ ဒေသတွင်းပြိုင်ဘက် ဘရက်အသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၀ မိနစ်တွင် ဗီတင်ဟာက ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီး ပွဲချိန် ၄၅ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ဒမ်ဘီလီက ဒုတိယနှင့် တတိယဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းက ၃ ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် (၁၆) သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အခွင့်အလမ်းများကောင်းမွန်လာခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ဘရက်အသင်းကို အနိုင်ရရှိသည့်အတွက် ပြိုင်ပွဲစုံ ၁၈ ပွဲအနိုင်ရရှိကာ နှစ်ပွဲသရေရလဒ်ဖြင့် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ထပ်မံရရှိပြီး ဘရက်အသင်းအနေဖြင့် အုပ်စုပွဲစဉ်များတွင် အံ့အားသင့်ဖွယ်ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ Play-off အဆင့်အထိ တက်ရောက်နိုင်ခဲ့သော်လည်း အိမ်ကွင်း၌ ဂိုးပြတ်ရှုံးနိမ့်သည့်အတွက် Play-off အဆင့်မှပင် ကျနပ်ရဖွယ်ရှိနေပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဒိုင်လူကြီးများကိုဝေဖန်မှုများအတွက် ရီးယဲလ်မက်ဒရစ်အသင်းကို အရေးယူပေးရန် တော်ဝင်စပိန်ဘောလုံးအဖွဲ့ချုပ်ထံတောင်းဆို

မက်ဒရစ် ဖေဖော်ဝါရီ ၁၂

စပိန်လာလီဂါအဖွဲ့ချုပ်က ဒိုင်လူကြီးများကို ပြင်းထန်စွာဝေဖန်မှုများအတွက် ရီးယဲလ်မက်ဒရစ်အသင်းကို ဥပဒေအရ အရေးယူပေးရန် တော်ဝင်စပိန်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ် (၂၃) ဖြစ်ပြီး မက်ဒရစ်ဒါဘီပွဲစဉ်အဖြစ်ကစားသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်သည့်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ဒိုင်လူကြီး ဆီဆာဆိုတိုနှင့် VAR ဒိုင်များ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မက်ဒရစ်ဒါဘီပွဲစဉ်၌ အက်သလက်တီကိုအသင်းက ပွဲချိန် ၃၅ မိနစ်တွင် သွင်းယူသည့် အယ်လ်ဗာရက်၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၅၀ တွင် အမ်ဘတ်ပီက ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်သဖြင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲချိန်အတွင်း ပယ်နယ်တီပြစ်ဒဏ်ရရှိနိုင်သည့် အခွင့်အရေးရှိခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီး ဆီဆာဆိုတိုက ပယ်နယ်တီသတ်မှတ်ပေးခြင်းမရှိဘဲ VAR ဒိုင်များကလည်း သတ်မှတ်ပေးခြင်းမရှိသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက အသင်းတရားဝင်လူမှုကွန်ရက်စာမျက်နှာတွင် ဒိုင်လူကြီးအဖွဲ့ကို ပြင်းပြင်းထန်ထန်ဝေဖန်မှုများပြုလုပ်သည့်အတွက် စပိန်လာလီဂါအဖွဲ့ချုပ်က ရီးယဲလ်မက်ဒရစ်အသင်းကို အရေးယူပေးရန် တော်ဝင်စပိန်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
Ngwepinlae Livestock Breedings & Fisheries Co., Ltd
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


Myanmar Land and Development Limited
MLDL


Tea Mix
Lemon Tea
Black Tea
SHWE PHE OO
(ASEAN-OSHNET AWARD)
BEST Practices Award
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့်သိုးဘိုးကျေးရွာတို့ကို လုံခြုံရေး တပ်ဖွဲ့ဝင်များကမီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့်ဗုံးကြဲခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကိုးမြို့ကျေးရွာနှင့်သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့်ဗုံးကြဲခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အသက်ပေးကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "မိုးညိုသူလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရှစ်ကွက်ကျေးရွာနေ မိုးသီတာအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Myo Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်နေ မျိုးယုမော်(ခ)သားသားအား ညနေ ၄ နာရီ ၄၀ မိနစ်တွင်လည်းကောင်း၊ "Aung Myo Thu20138" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်နေ အောင်မျိုးသူအား ညနေ ၅ နာရီအချိန်တွင်လည်းကောင်း၊ "Kh Ant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်နေ ဆက်နိုင်ထွန်း(ခ)ယုန်လေးအား ည ၆ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထူးခြားသည့်ညအပူချိန်များ

၁၂-၂-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| နမ့်စန် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | လွိုင်လင် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | | မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | မင်းကင်း | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ တုံးဗျောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ ကျောင်းသားများလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိ

မြိတ်မြို့နယ်၊ တုံးဗျောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့်ကျောင်းသား ၆ ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ကျောင်းသား ၂ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် မိုင်းစထိမှန်ခဲ့သည့် မော်တော်ယာဉ်အားတွေ့ရစဉ်။






**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများ၊ စာသင်ကျောင်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခန့်တွင် မြိတ်မြို့၊ တုံးဗျောကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး) မှ မူလတန်းပြဆရာ ၁ ဦးနှင့် ကျောင်းသား ၆ ဦးတို့သည် စာမေးပွဲများဖြေဆိုရန်အတွက်

မြိတ်မြို့နယ်၊ တုံးဗျောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့်ကျောင်းသား ၆ ဦးလိုက်ပါလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



လိုအပ်သည့် စာသင်ခုံများသယ်ယူရန် တောင်ဖီလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဖီလာ)သို့ မော်တော်ယာဉ် ၁ စီးဖြင့် ထွက်ခွာလာစဉ် တုံးဗျောကြီးကျေးရွာ၏ ၃ မိုင်ခန့်အကွာ တောင်ပုကျေးရွာအနီးသို့အရောက် ၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျောင်းသားများအနက် မောင်ထက်ရဲကိုနှင့် မောင်ထက်ရဲလင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ၂ ဦးအား မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ခေတ်မီသီးနှံကာကွယ်ရေးနည်းစနစ်များကို တောင်သူများ လက်ဝယ်အရောက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲနှင့်မြေအသုံးချရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူ ဘေးကင်းလုံခြုံရေးအပါအဝင် သီးနှံများ စတင်စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် GAP စံနှုန်းများနှင့်အညီ ဆောင်ရွက်မှု ဖွံ့ဖြိုးလာရေးကြိုးပမ်းကြရန်လိုကြောင်း၊ စပါး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ဝါသီးနှံများအပြင် ပြည်ပသို့တင်ပို့ရောင်းချနေသော သီးနှံများအားလုံး GAP ကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ အလားတူ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နည်းပညာဖြန့်ဖြူးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်နှုန်း မထိခိုက်စေရေးနှင့် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ သီးနှံလေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး၊ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို မပျက်စီးစေရန် ခေတ်မီသီးနှံကာကွယ်ရေးနည်းစနစ်များကို တောင်သူများလက်ဝယ်အရောက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာန တာဝန်ရှိသူက ဌာန၏ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေအသုံးချရေးဌာနခွဲသို့ ရောက်ရှိပြီး



ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရေနှင့်ပတ်သက်သည့်သုတေသန၊ မြေဆီလွှာနှင့်ပတ်သက်သည့်သုတေသနများ ဆောင်ရွက်ရန်၊ အာဟာရတစ်မျိုးချင်းအလိုက်၊ သီးနှံတစ်မျိုးချင်းအလိုက် မြေတွင်းမြေလွှာနှင့် မြေတွင်းရေလွှာ အာဟာရဓာတ်စုပ်ယူမှု၊ မြေတွင်းရေပမာဏဆက်စပ်မှုများကို လေ့လာရန် မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)


# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၀ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်၊ အိုးပေါက်ကျေးရွာအနီး၌ တရားမဝင်အခြားသစ် (၂ဒသမ ၀၀၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hilux Tiger မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းလှမြို့နယ်၊ ကညင်ကြီးကျေးရွာနှင့် မလွန်စမ်းကျေးရွာကြား၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ သယ်ဆောင်လာသည့် Loncin-125 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၇၇၄၅၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၁ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၊ ဆိပ်ဖူးကျေးရွာ၌ လိုင်စင်မဲ့ Forland Truck မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုး**ငွေကျပ် ၁၀၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချမ်းမြသာစည်မြို့နယ်၊ ဦးပွား ခုံးကျော်အနီး၌မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကွဲ့တပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၁၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်၊ လှော်ကားရဲစခန်းအနီး၌ လိုင်စင်မဲ့ Toyota Estima မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၂)လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၇၅၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၇၀၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၅၆၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို . . .**

❖ **သစ်တောပြုန်းတီးမှုများမရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားတက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက ဖတ်ကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မြို့တော်ခန်းမဥပစာရင်ပြင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကိုဖတ်ကြားသည်။ စာမျက်နှာ ၅ ကော်လံ ၁ ❍

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်**

စာ - ၆ သို့

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ၊ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်နွဲပျော်ကြသည့် ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့်ပြည်သူများဖြင့်စည်ကားလျက်ရှိ**

စာ - ၂၂ သို့


MYAWADDY TRADING LIMITED





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257